# မြန်မာအစိုးရသစ် - ရပ်တည်နိုင်စွမ်းရှိပြီလား။

**Asia Report N°282** | 29 July 2016

Headquarters
**International Crisis Group**
Avenue Louise 149 • 1050 Brussels, Belgium
Tel: +32 2 502 90 38 • Fax: +32 2 502 50 38
brussels@crisisgroup.org

# မာတိကာ


အစီရင်ခံစာ အကျဉ်းချုပ် ..... i

I. နိဒါန်း ..... 1

II. ဒီမိုကရေစီအစိုးရသို့ အကူးအပြောင်း ..... 2
- A. အစိုးရသစ်ဖွဲ့စည်းခြင်း ..... 2
- B. အာဏာလွှဲပြောင်းခြင်း ..... 4
- C. ကနဦး ခြေလှမ်းများ ..... 6

III. အီးလစ်တို့နှင့် ဆက်ဆံရေး အခြေအနေ ..... 10
- A. သက်တောင့်သက်သာမရှိသော အတူလက်တွဲလုပ်ကိုင်မှု ..... 10
- B. တပ်မတော်နှင့် ဆက်ဆံရေး ..... 10
- C. တိုင်းရင်းသား နိုင်ငံရေး ..... 13
- D. အခြားအီးလစ်တို့နှင့် ဆက်ဆံရေး ..... 16

IV. သော့ချက်ကျသော စိန်ခေါ်မှုများ ..... 18
- A. ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ..... 18
- B. ရခိုင်ပြည်နယ်နှင့် ဗုဒ္ဓဘာသာ အမျိုးသားရေးဝါဒ ..... 22
- C. တရုတ်နိုင်ငံနှင့် ဆက်ဆံရေးကို ပြန်လည်ချိန်ညှိခြင်း ..... 26

V. လက်ရှိမှတ်တမ်းကို ဆန်းစစ်အကဲဖြတ်ခြင်း ..... 30

VI. သုံးသပ်ချက် ..... 34

APPENDICES

A. Map of Myanmar ..... 35

B. အစိုးရ၏ လက်ရှိဖွဲ့စည်းပုံ ..... 36

# အစီရင်ခံစာ အကျဉ်းချုပ်

အစိုးရသစ်၏ ငါးနှစ်သက်တမ်း၌ လေးလခန့်ရှိလာချိန်တွင် ၎င်း၏စွမ်းဆောင်ရည်နှင့် ပတ်သက်၍ တိတိကျကျ အကောင်းအဆိုးဝေဖန်ရန် အချိန်စောလွန်းသည်ဟု ဆိုနိုင်သည်။ သို့ရာတွင် အစိုးရ၏ ဦးစားပေးကိစ္စများနှင့် ချဉ်းကပ်ပုံနည်းလမ်းသည် ပိုမိုရှင်းလင်းသဲကွဲလာပြီး အမျိုးသားနိုင်ငံရေးသည် ပြောင်းလဲပြီးဖြစ်သည့် အရှိတရားများအား မည်သို့ ထိန်းညှိနေသည်ကို ထင်ဟပ်သော ကနဦးရည်ညွှန်းမှုများလည်း ရှိနေသည်။ အပေါင်းလက္ခဏာဆောင်သော ကနဦးအခြေအနေများသတ်မှတ်ကာ အာဏာရှင်စနစ်၏ ဆိုးမွေကိုဖြေရှင်းရန် အရေးကြီးသောအဆင့်များကို လုပ်ဆောင်ခဲ့သည့် ဒီမိုကရေစီနည်းကျတင်မြှောက်သော အစိုးရလက်အောက်တွင် မြန်မာနိုင်ငံသည် ခေတ်သစ်တစ်ခုကို ဝင်ရောက်နေပြီဖြစ်ရာ ထိုအချက်များက ကနဦးအကဲဖြတ်မှုအတွက် အခြေခံများကို ဖြည့်ဆည်းပေးသည်။ ကျန်ရှိနေသော နိုင်ငံရေးအကျဉ်းသားအချို့ကို မြန်မြန်ဆန်ဆန်လွှတ်ပေးခဲ့ပြီး၊ ဖိနှိပ်ချုပ်ချယ်သည့် ခေတ်ကုန်နေသော ဥပဒေမြောက်များစွာကိုလည်း ဖျက်သိမ်းခြင်းဖြစ်စေ၊ ပြင်ဆင်ခြင်းဖြစ်စေ ပြုလုပ်လျက်ရှိသည်။

မည်သို့ဆိုစေ အရေးအကြီးဆုံးဟုဆိုနိုင်သောတွေ့ရှိချက်မှာ မြန်မာနိုင်ငံသည် မရေရာမှုများစွာရှိနေသော နှစ်တစ်နှစ်ကို ကျော်ဖြတ်နိုင်ခဲ့ပြီးဖြစ်ရာ အဓိကကျသော နိုင်ငံရေးအရ စိုးရိမ်ပူပန်ရမှုများနှင့် ရှုတ်ထွေးမှုများမဖြစ်ခဲ့ပဲ ပြောင်းသွားနိုင်ခြင်းဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်၏ NLD ပါတီသည် အကြမ်းဖက်မှုလုံးဝမရှိသလောက်ဟု ဆိုရမည့် အများကကျယ်ကျယ်ပြန့်ပြန့်လက်ခံသော ရွေးကောက်ပွဲတွင် သောင်ပြိုကမ်းပြိုနိုင်သွားခဲ့ပြီးနောက်ပိုင်း တပ်မတော်ကျောထောက်နောက်ခံပြုသော အစိုးရထံမှ အစီအစဉ်တကျအာဏာလွှဲပြောင်းမှုရှိခဲ့သည်။ သူ၏အစိုးရသည် တပ်မတော်နှင့် သော့ချက်ကျသော မှုများနှင့်ပတ်သက်ပြီး အရေးပါသော စေ့စပ်ညှိနှိုင်းမှုများမရှိပဲ သို့မဟုတ် တပ်မတော်နှင့် အခြေခံကျသော သဘောထားမတူညီမှုများကို ညှိနှိုင်းခြင်းမပြုပဲ ခက်ခဲသောပုံစံဖြင့် ၂၀၀၈ အခြေခံဥပဒေက ပြဌာန်းသည့်အတိုင်း အတူတွဲ၍ အလုပ်လုပ်ကိုင်လာခဲ့ရသည်။ ထိုသို့သော ခက်ခဲသည့် အခြေအနေများကြားတွင် မှန်ကန်သောလမ်းကြောင်းရှာ၍ ရှေ့ဆက်နိုင်ခြင်းသည် အစိုးရအတွက်၊ တပ်မတော်အတွက်နှင့် တိုင်းပြည်အတွက် သော့ချက်ကျသော အစောပိုင်းအောင်မြင်မှုဟုဆိုရမည်။

အဆိုပါလုပ်ငန်းတာဝန်၏ ခက်ခဲမှုနှင့် မရေရာမှုသည် ၎င်း၏ အမှတ်အသားကို ကျော်လွှားနိုင်ခဲ့ပြီဖြစ်သည်။ ဖိနှိပ်ခံလူတန်းစား၏ ပြုပြင်ပြောင်းလဲရေးခေါင်းဆောင်

ဒေါ်အောင်ဆန်းစုကြည်သည် အခြေခံဥပဒေအရ အုပ်ချုပ်ရေးအာဏာ တစ်စိတ်တစ်ပိုင်းကိုသာ ရရှိခဲ့သည်။ အခြေခံဥပဒေအရ သူ့အား သမ္မတမဖြစ်နိုင်အောင် တရားဝင်တားဆီးထားခြင်းနှင့် တပ်မတော်တွင် အခြေခံဥပဒေအရ အရေးပါသော အာဏာကို ပေးထားခြင်းများကြောင့်လည်းဖြစ်သည်။ ယင်းသို့တားဆီးမှုသည် ရေရှည်ဖြစ်လာနိုင်ဖွယ်ရှိသောကြောင့် သူမအနေနှင့် အာဏာကို လက်ဝယ်စုစည်းကာ အနည်းငယ်ကိုသာ ခွဲဝေပေးနိုင်သည့် အနေအထားဖြစ်ပေါ်ခဲ့သည်။ သူသည် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဖြစ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်မှ အခြေအနေကို ဦးဆောင်ကိုင်တွယ်ဖြေရှင်းပေးနေသည်။

အဓိကကျသော မအောင်မြင်မှုများမရှိသော်လည်း အစိုးရသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်ကိစ္စတို့တွင် ကနဦးခြေလှမ်းအချို့ မှားယွင်းလုပ်ဆောင်မှုများရှိခဲ့သည်။ ကိစ္စနှစ်ခုစလုံးအတွက် ရှုတ်ထွေးသော အသေးစိတ်များကို လက်ခံအသိအမှတ်မပြုနိုင်ခဲ့ခြင်းနှင့် အရေးပါသော ဆုံးဖြတ်ချက်နှင့် ကနဦးလုပ်ဆောင်ချက်များမပြုမီ ဆွေးနွေးတိုင်ပင်မှုများ မပြုလုပ်ခဲ့ခြင်းများက မြစ်ဖျားခံသည်ဟုဆိုနိုင်သည်။ တပ်မတော်နှင့်ဆက်ဆံရေးမှာ အမြဲတစေ ထိလွယ်ရှလွယ်အနေအထားမျိုးဖြင့် ကိုင်တွယ်ရသည်တော့မဟုတ်ပေ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကြည့်ရှုပါက ကောင်းမွန်စွာ ပူပေါင်းဆောင်ရွက်နိုင်ကြောင်းနှင့် အတွေးအမြင်များပေါင်းစပ်နိုင်သည်ကို တွေ့ရသော်လည်း - တိုင်းရင်းသားလက်နက်ကိုင် အုပ်စုခေါင်းဆောင်များက ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်မတော်တို့ မဟာမိတ်ပူးပေါင်းမှုကို ရင်ဆိုင်ဆွေးနွေးရတော့မည်ဟု စိုးရိမ်ရသည်အထိရှိခဲ့သည် - အခြားနယ်ပယ်များတွင်မူ ခပ်စိမ်းစိမ်းဆက်ဆံရေးဖြစ်နေသည်။ အထူးသဖြင့် ဧပြီလက ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ခန့်အပ်သည့်ကိစ္စနှင့် ထိုဥပဒေကြမ်းကို လွှတ်တော်တွင် အတည်ပြုခဲ့သည့်ပုံစံတို့တွင် သိသာထင်ရှားသည်။ တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်မှုရှိသည့် ဆက်ဆံရေးကို ထိန်းသိမ်းထားသည့် အသွင်ကူးပြောင်းမှု၏ အောင်မြင်မှုနှင့် တည်ငြိမ်မှုသည် မရှိမဖြစ်လိုအပ်ပြီး၊ ပို၍ ကျယ်ကျယ်ပြန့်ပြန့်ရှင်းပြရလျှင် အောင်မြင်မှုသည် တပ်မတော်အနေဖြင့် အကူးအပြောင်းတွင် ၎င်းတို့ဖက်မှ ကြီးမားသော ခွင့်ပြုလိုက်ရခြင်းဟု မှတ်ယူမှုများမှ အကျိုးအမြတ်ရသည်ဟု ရှုမြင်ခြင်းရှိ မရှိနှင့် ဆက်စပ်နေပါသည်။

အစိုးရသစ်သည် ခက်ခဲသော လုပ်ငန်းတာဝန်များကို ရင်ဆိုင်နေရသည်။ အာဏာရှင်အုပ်ချုပ်ရေးစနစ်နှင့် ပြည်တွင်းစစ်တို့က ဆယ်စုနှစ်များနှင့်ချီ၍ကြာခဲ့ပြီးနောက် အချို့မှာ ကာလကြာရှည်က ဖြစ်နေသော တည်ဆောက်ထားပုံများနှင့်ဆိုင်သော ပြဿနာများဖြစ်ပြီး ပိုမိုပြည့်စုံသော မူဝါဒများချမှတ်ကျင့်သုံးရုံမျှဖြင့် ပြုပြင်လို့မရနိုင်ပေ။ အချို့မှာ ၁၉၄၈ လွတ်လပ်ရေးကာလအထိ နောက်ကြောင်းပြန်ကာ နိုင်ငံတော်တည်

ဆောက်ရေးလုပ်ငန်းစဉ် မပြီးစီးသည့် ပြဿနာဟုဆိုနိုင်သည်။ အစိုးရအနေနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရှေ့ဆက်သွားရန်၊ ရခိုင်ပြည်နယ်မှ အခြေအနေကို ကိုင်တွယ်ရန်၊ ပြည်ပဆက်ဆံရေး အထူးသဖြင့် တရုတ်နှင့် အပြန်အလှန်ဆက်ဆံရေးကို ပြန်လည်ချိန်ညှိသည့် သိမ်မွေ့သော လုပ်ငန်းစဉ်ကို ဆက်လက်လုပ်ဆောင်ရန်တို့ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်ကိစ္စများအတွက် အဆင့်မြင့်ကော်မတီဥက္ကဋ္ဌအနေဖြင့် အထက်ကဖော်ပြခဲ့သောကိစ္စရပ်များအားလုံး၏ ခေါင်းဆောင်မှုမှာ သူ၏ပုခုံးပေါ် ကျရောက်လာကာ ကြီးမားလှသော မလွှဲသာမရှောင်သာဝန်ထုပ်ဝန်ပိုးကြီးပင်ဖြစ်တော့သည်။ အောင်မြင်မှုသည် မူဝါဒနှစ်ခုကိုင်စွဲနိုင်မှုနှင့် ပုဂ္ဂိုလ်ရေးကြုံတွေ့နေရသော စိန်ခေါ်မှု နှစ်မျိုးစလုံးအပေါ်တွင်မူတည်နေသည်။ ရှင်းပြရလျှင် သေချာစွာစဉ်းစားခြင်းနှင့် ညှိနှိုင်းတိုင်ပင်သော ချဉ်းကပ်မှုအလေ့အထဖွံ့ဖြိုးမှုတို့ အပေါ်တွင်သာမက အခွင့်အာဏာကို အောက်သို့ခွဲဝေပေးနိုင်စွမ်းအပေါ်တွင်ပါ မူတည်နေပေသည်။

နိုင်ငံတကာအသိုင်းအဝိုင်းအနေနှင့်လည်း နည်းလမ်းမျိုးစုံဖြင့် အကူအညီပေးနိုင်သည်။ အနောက်နိုင်ငံများသည် အားကောင်းသော နိုင်ငံရေးအရ ကျောထောက်နောက်ခံပေးခြင်းကို မှန်မှန်ကန်ကန် ပေးအပ်နေသော်လည်း ပွင့်လင်းရိုးသားသော အကြံဉာဏ်ပေးရန်အတွက် စိုးရွံ့မနေသင့်ပေ။ ငွေကြေးဆိုင်ရာနှင့် နည်းပညာဆိုင်ရာအကူအညီများပံ့ပိုးရန်များစွာလိုအပ်နေသော်လည်း ညှိနှိုင်းမှုမရှိသော ထောက်ပံ့ကူညီမှုစီမံကိန်းများ ထွက်ပေါ်လာမည့် အန္တရာယ်ရှိသည့်အပြင် ထပ်နေပြီး တသမတ်တည်းမရှိသော နည်းပညာအကူအညီပေးမှုများက အစိုးရ၏ စွမ်းဆောင်ရည်အပေါ် ဩဇာလွှမ်းမိုးသွားကာ အန္တရာယ်ဖြစ်စေမည့်အလားအလာရှိသည်။ အလှူရှင်များအနေနှင့် စီမံကိန်းများကို ဂရုတစိုက်ရေးဆွဲသင့်ပြီး ပဋိပက္ခဒဏ်သင့်နယ်မြေအများစုတွင် နိုင်ငံနှင့် အစိုးရတို့ ထိန်းချုပ်နိုင်သည့်အာဏာ မရှိခြင်း သို့မဟုတ် ရှုန်းကန်နေရခြင်းကို ထင်ဟပ်နိုင်အောင် အနီးကပ်လေ့လာစောင့်ကြည့်ရန် စိတ်ထဲတွင် စွဲမှတ်ထားရန် လိုအပ်သည်။ အကြောင်းရင်းနှစ်ခုကြောင့် အထူးသဖြင့်အနောက်အုပ်စုအနေနှင့် စစ်တပ်ချင်းပူးပေါင်းဆောင်ရွက်ရန် ဆီလျော်မည့် လမ်းကြောင်းများကို ရှာဖွေရန်မှာ အသက်တမျှ အရေးကြီးသည်။ တပ်မတော်က အရေးပါသောအာဏာကို စွန့်လွှတ်ရန်ဆုံးဖြတ်ခြင်းမှ အဖွဲ့အစည်းနှင့်ဆိုင်သော အကျိုးအမြတ်များထွက်ပေါ်လာမည်ကို ရှုမြင်သည့်အတွက် အသွင်ကူးပြောင်းရေးဆက်လက်ဖြစ်ပေါ်နေရန်မှာ လိုအပ်လှပါသည်။ မျိုးဆက်သစ်အရာရှိများကို ဒီမိုကရက်တစ်တိုင်းပြည်များမှ ၎င်းတို့နှင့် ရွယ်တူအရာရှိများနှင့် ထိတွေ့ခြင်းဖြင့် လူရာဝင်လာခြင်းသည် မိမိ၏အဖွဲ့အစည်းကို ပြုပြင်ပြောင်းလဲရာတွင် အရေးပါသော အထောက်အကူပြုမှုကို ဖြစ်စေသည်။

ရန်ကုန်/ဘရပ်ဆဲလ်(စ်)၊ ၂၀၁၆ ဇူလိုင်လ ၂၉

# မြန်မာအစိုးရသစ် - ရပ်တည်နိုင်စွမ်းရှိပြီလား။

## I. နိဒါန်း

၂၀၁၆ ခုနှစ် မတ်လကုန်တွင် အာဏာလွှဲပြောင်းပြီးနောက်ပိုင်း မြန်မာနိုင်ငံနှင့် ပတ်သက်၍ Crisis Group က ပထမဆုံးထုတ်ပြန်သော ဤအစီရင်ခံစာသည် ဒီမိုကရေစီ အစိုးရသစ်အပေါ် အာဏာရယူအပြီးလေးလအကြာတွင် ပြုလုပ်သော ကနဦးဆန်းစစ် အကဲဖြတ်ချက်ဖြစ်သည်။ တိကျမှန်ကန်သော အကောင်းအဆိုးအကဲဖြတ်ချက်ပေးရန် အတွက် အချိန်တိုတောင်းလွန်းသော်လည်း အစိုးရ၏ သဘောသဘာဝနှင့် ယေဘူယျ ချဉ်းကပ်မှုပုံစံတို့နှင့်ပတ်သက်ပြီး ကနဦးဖေါ်ပြနေသောအချက်များအတွက်လုံလောက် သော သတင်းအချက်အလက်များ ယခုအခါရှိနေပြီဖြစ်သည်။ နောက်လာမည့်အစီရင် ခံစာများတွင် မြန်မာနိုင်ငံရင်ဆိုင်နေရသော အဓိကစိန်ခေါ်မှုများ (ငြိမ်းချမ်းရေးလုပ် ငန်းစဉ်၊ ရခိုင်ပြည်နယ်မှ ရုတ်တရက်အမျိုးမျိုးပြောင်းလဲသွားနိုင်သည့် အခြေအနေ၊ အိမ်နီးချင်းတရုတ်နိုင်ငံနှင့်ဆက်ဆံရေးကို ပြန်လည်ချိန်ညှိခြင်း) နှင့် ယင်းတို့ကို ကိုင် တွယ်ဖြေရှင်းရာတွင် အစိုးရ၏ အောင်မြင်မှုတို့ကို ပိုမိုအသေးစိတ် လေ့လာဆန်းစစ် သွားမည်ဖြစ်သည်။

အစီရင်ခံစာသည် ၂၀၁၆ ခုနှစ် တစ်လျှောက်လုံး ရန်ကုန်၊ မန္တလေး၊ နေပြည်တော် နှင့် ရခိုင်ပြည်နယ်တို့တွင် လက်ရှိနှင့် ယခင်ဝန်ကြီးများနှင့် အစိုးရတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုနှင့် နိုင်ငံရေးပါတီ ခေါင်းဆောင်များ၊ ပြည်တွင်းသုံးသပ်လေ့လာသူများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ သံတ မန်များနှင့် အင်တာဗျူးများ အပါအဝင် ကျယ်ကျယ်ပြန့်ပြန့် သုတေသနပြုလုပ်မှုအပေါ် အခြေခံထားသည်။

## II. ဒီမိုကရေစီအစိုးရသို့ အကူးအပြောင်း

### A. *အစိုးရသစ်ဖွဲ့စည်းခြင်း*

အစိုးရသစ်သည် ၂၀၁၆ မတ်လ ၃၀ ရက်တွင် တရားဝင် အာဏာလွှဲပြောင်းလက်ခံမှု အခမ်းအနားဖြင့် အာဏာရရှိလာခဲ့သည်။[1] ၎င်းလွှဲပြောင်းမှုသည် အခြေခံဥပဒေနှင့် အ ညီ ၂၀၁၅ နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲအပြီး ငါးလနီးပါး ကြားကာလပြီးဆုံးခြင်း အမှတ်အသားပင်ဖြစ်သည်။

ဖေဖော်ဝါရီလ ၁ ရက် ကတည်းက လွှတ်တော်ခေါ်ယူပြီးသား ရွေးကောက်ခံကိုယ်စား လှယ်များသည် သမ္မတရွေးချယ်ရန်အတွက် မတ်လ ၁၀ ရက်မှ ၁၅ ရက်အထိ ရွေး ချယ်တင်မြှောက်ရေးအစည်းအဝေးကို ကျင်းပခဲ့ကြသည်။ ဒေါ်အောင်ဆန်းစုကြည် သည် သားနှစ်ဦးနှင့် ခွေးမများက ပြည်ပနိုင်ငံသား (ယူကေ) ဖြစ်နေသောကြောင့် သမ္မတမဖြစ်အောင် အခြေခံဥပဒေအရ တားမြစ်ခံထားရသော်လည်း NLD ပါတီမှာမူ အများစုအနိုင်ရထားသောကြောင့် လွှတ်တော်နှစ်ရပ်စလုံးတွင် ပါတီ၏ သမ္မတလောင်း များကို အလွယ်တကူတင်သွင်းနိုင်ခဲ့သည်။[2] အခြေခံဥပဒေအရ တပ်မတော်က တတိ ယသမ္မတလောင်းကို တင်သွင်းပြီး လွှတ်တော်ညီလာခံတွင် သမ္မတလောင်းသုံးဦး အ နက်မှ တစ်ဦးကို သမ္မတအဖြစ် တစ်ကြိမ်တည်းမဲပေးရွေးချယ်ကာ ကျန်ခဲ့သောနှစ်ဦး မှာ ဒုသမ္မတများ ဖြစ်လာကြသည်။ အများစု လွှမ်းမိုးခွင့်ရထားသော NLD ပါတီသည် သမ္မတကို ရွေးချယ်နိုင်ခဲ့ရာ ဒေါ်အောင်ဆန်းစုကြည်၏ အနီးကပ်လူယုံတော် ဦးထင် ကျော် သမ္မတဖြစ်လာပြီး၊ ယခင်ရန်ကုန်ဝန်ကြီးချုပ်ဟောင်း ဦးမြင့်ဆွေက ဒုသမ္မတ ၁ နှင့် တိုင်းရင်းသားနိုင်ငံရေးလှုပ်ရှားမှုနှင့် ဆက်နွယ်မှုမရှိသူ လူသိနည်း ချင်းလူမျိုးကိုယ် စားလှယ် ဟင်နရီဗန်ထီးယူက ဒုသမ္မတ ၂ အသီးသီး ဖြစ်လာခဲ့ကြသည်။ သမ္မတ ဦး ထင်ကျော်သည် လူသိများခြင်းမရှိသော်လည်း နိုင်ငံကျော်ကဗျာဆရာကြီး၏ သားဖြစ် ပြီး[3] NLD နှင့် နှစ်ရှည်လများ ဆက်နွယ်ခဲ့မှုကြောင့် ကျယ်ကျယ်ပြန့်ပြန့် လေးစားခြင်း ခံ ရသူဖြစ်သည်။

---

[1] For recent Crisis Group reporting on Myanmar, see Asia Briefings N°s 147, *The Myanmar Elections: Results and Implications*, 9 December 2015; 146, *Myanmar's Peace Process: A Nation-wide Ceasefire Remains Elusive*, 16 September 2015; 144, *Counting the Costs: Myanmar's Problematic Census*, 15 May 2014; 143, *Myanmar's Military: Back to the Barracks?*, 22 April 2014; also Asia Reports N°s 266 *Myanmar's Electoral Landscape*, 28 April 2015; and 261, *Myanmar: The Politics of Rakhine State*, 22 October 2014.

[2] ၂၀၀၈ အခြေခံဥပဒေ ပုဒ်မ ၅၉ (စ) အရ သမ္မတ (သို့) ဒုသမ္မတ၏ မိဘများ၊ မွေးချင်းများ၊ သားသမီးများနှင့် ဥပဒေအရ သားသမီး တော်စပ်သူများသည် ပြည်ပနိုင်ငံသား ခံယူခြင်းမရှိစေရ (သို့) ပြည်ပနိုင်ငံတစ်ခု၏ သြဇာခံ မဖြစ်စေရပေ။ ရွေးကောက်ပွဲရလဒ်နှင့် သက်ရောက်မှုများ ဆွေးနွေးခန်းအတွက် see Crisis Group Briefing, *The Myanmar Elections*, op. cit.

[3] ကဗျာဆရာကြီးမှာ မင်းသုဝဏ်ဖြစ်သည် (၁၉၀၉ -၂၀၀၄) ။

ဒေါ်အောင်ဆန်းစုကြည်က သူသည် အစိုးရအဖွဲ့သစ်တွင် အဓိကအဆုံးအဖြတ်ပေးသူ ဖြစ်လိမ့်မည်ဟု ရွေးကောက်ပွဲမတိုင်မီကပင် ရှင်းရှင်းလင်းလင်း အသိပေးခဲ့ပြီး ၁၉၆၂ နောက်ပိုင်း ပထမဆုံးရွေးချယ်တင်မြှောက်သော အရပ်သားသမ္မတဦးထင်ကျော်က ကိုယ်စားသမ္မတအဖြစ် ဆောင်ရွက်ခြင်းအားဖြင့် အခြေခံဥပဒေပိတ်ဆို့မှုကို ရှောင်ကွင်းနိုင်ခဲ့သည်။ သဘောထားတင်းမာသူဟု ယူဆရသော အငြိမ်းစား စစ်ဗိုလ်ချုပ်ဟောင်း ဒုသမ္မတဦးမြင့်ဆွေမှာမူ တပ်မတော်နှင့် နိုင်ငံရေးအီလစ်ဟောင်းများ၏ အကျိုးစီးပွါးကို ဆက်လက်ကိုယ်စားပြုနေမည့် အလားအလာရှိသည်။ ဒုသမ္မတများမှာ များသောအားဖြင့် အခမ်းအနားများနှင့် သံတမန်ပွဲများတွင်သာ တက်ရောက်ကြရမည်ဖြစ်သော်လည်း အခြေခံဥပဒေအရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ဘဏ္ဍာရေးကော်မရှင်ကဲ့သို့သော အရေးကြီးအဖွဲ့အစည်းများတွင် တာဝန်ပေးထားသည် (အခန်း II C တွင်ကြည့်) ။

သမ္မတအဖြစ်တင်မြှောက်ခံရသူက မတ်လ ၁၇ ရက်တွင် ၎င်း၏အစိုးရအဖွဲ့တွင် ပါဝင်ဖွဲ့စည်းမည့် ဝန်ကြီးဌာန ၂၁ ခု၏စာရင်းကို လွှတ်တော်သို့တင်ပြခဲ့ပြီး မတ်လ ၂၂ ရက်တွင် ဝန်ကြီး ၁၈ ဦး၏ အမည်စာရင်းကို တင်ပြခဲ့သည်။ ကာကွယ်ရေးဦးစီးချုပ်က အမည်တင်သွင်းသော ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးသုံးနေရာမှလွဲ၍ ကျန်ဝန်ကြီးဌာနအရေအတွက်နှင့် ဝန်ကြီးရာထူးခန့်အပ်မှုများသည် သမ္မတ၏ အခြေခံဥပဒေကခွင့်ပြုသော လုပ်ပိုင်ခွင့်အာဏာ ဘောင်အတွင်းတွင်ရှိသည်။ သမ္မတအဆိုပြုတင်ပြသော ဝန်ကြီးဌာနများနှင့် ဝန်ကြီးစာရင်းကို လွှတ်တော်အနေနှင့် တရားဝင်အတည်ပြုပေးရသည့် လုပ်ငန်းစဉ်ရှိသော်လည်း ပယ်ချရန် အနည်းငယ်မျှသာ အာဏာရှိသည်။ အစိုးရအဖွဲ့သည် NLD အကြီးတန်းပါတီဝင်များနှင့် လွတ်လပ်သောပညာရှင်များကို ရောနှောဖွဲ့စည်းထားသော်လည်း ဒေါ်အောင်ဆန်းစုကြည်နှင့် ပါတီကို သစ္စာရှိမှုအပေါ် ခိုင်မာပြတ်သားစွာ အဓိကထားသည်။

ယခင်အစိုးရထက် ဝန်ကြီးဌာနအရေအတွက် သုံးပုံတစ်ပုံ လျှော့ချထားသော အဆိုပြုချက်ကို လွှတ်တော်က အတည်ပြုသည်။[4] စွမ်းဆောင်ရည်ရှိရေးနှင့် ဘဏ္ဍာငွေသက်သာမှုတို့သည် ယင်းသို့လျှော့ချခြင်း၏ အဓိကအကြောင်းရင်းများဖြစ်သည်ဟု သမ္မတကထောက်ပြသည်။ ဝန်ကြီးဌာနများကို ပြန်လည်ဖွဲ့စည်းရာတွင် ဌာနများနှင့် လုပ်ငန်းတာဝန်ကို အရေအတွက်ဖြတ်တောက်ခြင်းမပြုပဲ လိုအပ်သလိုပေါင်းစည်းခြင်းကို အဓိကပြုလုပ်ခဲ့ပြီး ဝန်ထမ်းများ၏ အလုပ်ရာထူး ဆုံးရှုံးခြင်းမရှိစေရဟု အစိုးရက ကတိပြုခဲ့

[4] ၂၀၁၁ တွင် သမ္မတဦးသိန်းစိန်က ဝန်ကြီးဌာန ၃၄ ခု ဖွဲ့စည်းထားခဲ့သော်လည်း၊ ၂၀၁၆ အစောပိုင်းတွင် ၃၁ ခုသို့လျှော့ချသည် (သမ္မတရုံးတွင် ဝန်ကြီးတစ်ဦးထက်ပိုဖွယ်ရှိသော်လည်း ဌာနတစ်ခုအဖြစ်သာ ရေတွက်သည်)။

သည်။ လက်ရှိ အစိုးရအဖွဲ့စာရင်း (ခန့်အပ်ပြီးနောက် အနည်းငယ်ပြောင်းလဲထား) ကို Appendix B တွင်ဖော်ပြထားသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခု၏ ဝန်ကြီးချုပ်များကိုလည်း သမ္မတက ခန့်အပ်သည်။ ထိုအချက်က အဆိုပါဒေသဆိုင်ရာ အုပ်ချုပ်ရေးအကြီးအကဲရာထူးများသည် သက်ဆိုင်ရာဒေသများ၏ ရွေးကောက်ပွဲရလဒ်များနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်တွင် ပါဝင်မှုအချိုးတို့ကို ထင်ဟပ်ခြင်းမရှိဟု ဆိုလိုသည်။ အမှန်တကယ်ပင် သမ္မတသည် NLD အများစု အနိုင်ရခြင်းမရှိသော ရှမ်းနှင့် ရခိုင်ပြည်နယ် အပါအဝင် ဝန်ကြီးချုပ်နေရာအားလုံးတွင် NLD လွှတ်တော်ကိုယ်စားလှယ်များကိုသာ ရွေးချယ်ခန့်အပ်ခဲ့သည်။[5]

## B. *အာဏာလွှဲပြောင်းခြင်း*

NLD ၏အောင်ပွဲသည် ရွေးကောက်တင်မြှောက်သော အစိုးရထံ ၁၉၄၈ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပထမဆုံးအကြိမ် စနစ်တကျအာဏာလွှဲပြောင်းမှုပုံစံကို ဖြစ်ပေါ်စေသည်။[6] ယင်းလုပ်ငန်းစဉ်သည် အံ့အားသင့်လောက်အောင် ချောမွေ့မှုရှိသည်။ သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် တာဝန်ဝတ္တရားများ ထိရောက်စွာလွှဲပြောင်းရေးနှင့် ချောမွေ့မှုရှိစေရေးအတွက် တာဝန်လွှဲပြောင်းရေးကော်မတီများ ဖွဲ့စည်းရန် ဒီဇင်ဘာလ ၂ ရက်တွင် သဘောတူခဲ့ကြသည်။ အစိုးရကော်မတီကို သမ္မတရုံး ဝန်ကြီးဦးလှထွန်းက ဦးဆောင်ပြီး NLD ကော်မတီကို အကြီးတန်းပါတီဝင် ဦးဝင်းထိန်က ဦးဆောင်ခဲ့သည်။ ၎င်းကော်မတီများသည် ဒီဇင်ဘာလမှ မတ်လအတွင်း အကြိမ်များစွာ တွေ့ဆုံခဲ့ကြသည်။ ဝန်ကြီးဌာနတစ်ခုချင်း၏ ငါးနှစ်တာ ဦးစားပေးကိစ္စများနှင့် အောင်မြင်မှုများ၊ လက်ရှိလုပ်ဆောင်နေသော အဓိကဦးစားပေးများ၊ ရည်မှန်းချက်များကို ဖော်ပြသော အသေးစိတ်အချက်အလက်များကို ပြင်ဆင်ထားကြရန် သမ္မတဦးသိန်းစိန်က ညွှန်ကြားထားသည်။[7]

အဆိုပါကာလအတွင်း ဒေါ်အောင်ဆန်းစုကြည်နှင့် အခြေခံဥပဒေအရ အာဏာအမြောက်အများရယူထားသူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့ သုံးကြိမ်တွေ့ဆုံခဲ့ကြသည်။ အပြုသဘောဆောင်သော အလုပ်သဘောဆက်ဆံရေးတည်ဆောက်ရန် နှစ်ဖက်စလုံး စိတ်ဝင်တစား ရှိခဲ့ကြသည်။ ဒီဇင်ဘာလ

---

[5] တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များခန့်အပ်ခြင်း၊ သမ္မတရုံးအမိန့် အမှတ် ၄/၂၀၁၆ ၊ ၃၀ မတ်လ ၂၀၁၆။

[6] ၁၉၅၁၊ ၁၉၅၂၊ ၁၉၅၆ ရွေးကောက်ပွဲများတွင် ဦးနုခေါင်းဆောင်သော အာဏာရ ဖဆပလ အစိုးရသာ အနိုင်ရခဲ့ပြီး အိမ်စောင့်အစိုးရအုပ်ချုပ်မှု ၁၈ လအပြီး ၁၉၆၀ ရွေးကောက်ပွဲများတွင်လည်း ဦးနု ထပ်မံ အာဏာရရှိခဲ့သည်။

[7] ဥပမာအနေနှင့် "အစိုးရနှင့် NLD သည် တာဝန်ဝတ္တရားများ လွှဲပြောင်းရေးအတွက် ၁၄ ကြိမ်တွေ့ဆုံခဲ့သည်" Global New Light of Myanmar စာ-၃ ၊၁၂ မတ်လ ၂၀၁၆။ အချက်အလက် လွှဲပြောင်းမှုနှင့် ပတ်သက်သည့် မှတ်တမ်းပြုစုသူတစ်ဦးနှင့် Crisis Group အင်တာဗျူး ရန်ကုန် မေလ ၂၀၁၆။

၂ ရက်တွင် လက်ထောက်များမပါပဲ ပထမဆုံးအကြိမ် တစ်ဦးချင်းတွေ့ဆုံခဲ့ကြရာ အမြင်များ အပြုသဘောဆောင်ကြောင်း သေချာစေရန် ပီပီပြင်ပြင် ဆွေးနွေးခဲ့ကြပုံရပြီး တွေ့ဆုံမှုအပြီးတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဒေါ်အောင်ဆန်းစုကြည်၏ ကားနားအထိ ပို့ဆောင်ကာ လက်ပြနှုတ်ဆက်မှုသည် အဆင့်အတန်းနှင့် ရာထူးသမားစဉ်ကို ဂရုစိုက်လွန်းသော တိုင်းပြည်တွင် ခိုင်မာသော လူသိရှင်ကြား ပြသမှုတစ်ခုဖြစ်ခဲ့သည်။ ထို့အပြင် တွေ့ဆုံပွဲတွင် အပြုံးကိုယ်စီဖြင့် ဓာတ်ပုံအရိုက်ခံခဲ့ကြပြီး ဆွေးနွေးမှုအကြောင်းအရာများကို ထုတ်ဖော်ပြောဆိုခြင်း မပြုသော်လည်း အပြုသဘောဆောင်သော မှတ်ချက်များကို မီဒီယာများသို့ ပြောကြားခဲ့ကြသည်။ ထို့နောက် ဇန်နဝါရီလ ၂၅ ရက်နှင့် ဖေဖော်ဝါရီလ ၁၇ ရက်တို့တွင် လက်ထောက်များပါ တက်ရောက်သော အစည်းအဝေးများ ဆက်တိုက်ပြုလုပ်ခဲ့သည်။ NLD ၏ အဆိုအရ အစိုးရသစ်ဖွဲ့ စည်းရေး၊ အသွင်ကူးပြောင်းရေး၊ ရွေးကောက်ပွဲအလွန် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး၊ လွှတ်တော်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် စသည်တို့နှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်ဟု သိရှိရသည်။[8]

ပို၍အံ့အားသင့်စရာကောင်းသည့် တွေ့ဆုံမှုမှာ ဒေါ်အောင်ဆန်းစုကြည်နှင့် အကြီးအကဲဟောင်း ဦးသန်းရွှေတို့ ဒီဇင်ဘာလ ၄ ရက်တွင် တွေ့ဆုံခြင်းဖြစ်ပြီး ဦးသန်းရွှေ၏ မြေးမှတဆင့် စီစဉ်ခဲ့ခြင်းဖြစ်သည်။ ဆွေးနွေးသော အကြောင်းအရာကို ထုတ်ဖော်ခြင်း မပြုသော်လည်း ဒေါ်အောင်ဆန်းစုကြည်ကို "တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်" အဖြစ် ဦးသန်းရွှေက အသိအမှတ်ပြုသည်ဟု ၎င်း၏မြေးက သတင်းပေးခဲ့သည်။[9] သို့ရာတွင် အရေးကြီးသောလက္ခဏာအဖြစ် များစွာအရေးပါခြင်းမရှိလှပေ။ ဦးသန်းရွှေသည် အရေးကြီးသည့် နေ့စဉ်အုပ်ချုပ်ရေးအာဏာကို သိသာထင်ရှားစွာ ချုပ်ကိုင်ထားခြင်း မရှိသော်လည်း အင်အားကြီးသော ပြည်ခိုင်ဖြိုးကွန်ယက်၏ ခေါင်သူကြီး ဖြစ်နေပြီး ၎င်းသည် ဩဇာလွှမ်းမိုးထားဆဲဖြစ်သည်ဟု အများက လက်ခံယူဆထားကြသည်။ ၎င်း၏ အားပေးထောက်ခံမှုသည် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာအရေးပါပြီး ဒေါ်အောင်ဆန်းစုကြည်အစိုးရအား ၎င်းနှင့် ဩဇာခံအသိုင်းအဝိုင်းက ပိတ်ဆို့မည့် အလားအလာမရှိဟု ဆိုလိုရာရောက်သည်။ တရားဝင်အာဏာလွှဲပြောင်းမှုကို မတ်လ ၃၀ ရက် လွှတ်တော်တွင် အခမ်းအနားဖြင့် ပြုလုပ်ခဲ့ပြီး သမ္မတအိမ်တော် ညစာစားပွဲတွင် အစိုးရဟောင်းနှင့် အစိုးရသစ် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

[8] "We can work together", *Myanmar Times*, 3 December 2015. NLD statement, 25 January 2016.
[9] မြေးဖြစ်သူ နေရွှေသွေးအောင်က အစည်းအဝေး၏ ဓာတ်ပုံများနှင့် သတင်းအချက်အလက်ကို ၎င်း၏ facebook စာမျက်နှာတွင် တင်ထားသည်။

## C. *ကနဦး ခြေလှမ်းများ*

အာဏာလွှဲယူပြီးနောက်တွင် ဒေါ်အောင်ဆန်းစုကြည်သည် "သမ္မတအထက်မှနေရန်" နှင့် "နိုင်ငံရေးနှင့်ဆိုင်သောဆုံးဖြတ်ချက်အားလုံးကို ချမှတ်ရန်" ဟူသော ရွေးကောက်ပွဲမတိုင်မီက အစီအစဉ်ကို လျင်မြန်စွာ အကောင်အထည်ဖော်ခဲ့သည်။[10] သမ္မတဖြစ်သူက သူအား နိုင်ငံခြားရေးဝန်ကြီးနှင့် သမ္မတရုံးဝန်ကြီးရာထူးများကို ခန့်အပ်ထားပြီးဖြစ်သည်။ နိုင်ငံခြားရေးဝန်ကြီးရာထူး၏ အရေးပါမှုသည် သူ့အား နိုင်ငံခြားဆက်ဆံရေးတွင် တိုက်ရိုက်လုပ်ပိုင်ခွင့် အပ်နှင်းရုံသာမကပဲ လုံခြုံရေးကိစ္စများနှင့် ပတ်သက်၍ အမြင့်ဆုံးအာဏာပိုင် အဖွဲ့အစည်းဖြစ်သည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီတွင် အခြေခံဥပဒေအရ ခွင့်ပြုထားသည့် အဖွဲ့ဝင်နေရာကိုပါ ရရှိစေသည်။[11] (အစပိုင်းတွင် စွမ်းအင်နှင့် ပညာရေးဝန်ကြီးနှစ်နေရာကိုပါ ရယူထားသော်လည်း ဧပြီလ ၂ ရက်တွင် အဆိုပါနေရာများ၌ အခြားဝန်ကြီးများအားခန့်အပ်ခဲ့သည်)။

အာဏာလွှဲပြောင်းလက်ခံပြီးနောက်တွင် လွှတ်တော်၏ ပထမဆုံးဥပဒေပြဌာန်းမှု အနေနှင့် ဒေါ်အောင်ဆန်းစုကြည်၏ အမည်ကိုဖော်ပြ၍ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရာထူးသစ်ခန့်အပ်ရန် ဥပဒေကြမ်းကို ဧပြီလ ၅ ရက်တွင် အတည်ပြုခဲ့သည်။ ၎င်းရာထူး၏ တာဝန်ဝတ္တရားများကို ရေရေရာရာ ဖွင့်ဆိုထားခြင်းမရှိသော်လည်း အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေး လက်တံနှစ်ခုစလုံးတွင် အကြံပေးရန် တရားဝင်အခွင့်အာဏာ အပ်နှင်းထားပြီး အခြေခံဥပဒေ၌ အာဏာများကို တင်းတင်းကြပ်ကြပ် ခွဲခြားထားမှုကို ရှောင်ကွင်းသွားခဲ့ရာ တပ်မတော်နှင့် အတိုက်အခံကိုယ်စားလှယ်များက ပြင်းထန်စွာ ပြစ်တင်ဝေဖန်သော အချက်တစ်ခု ဖြစ်ခဲ့သည်။[12] မေလ ၁၀ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်ကဏ္ဍကို ပံ့ပိုးလုပ်ဆောင်မည့် ဝန်ကြီးဌာနအသစ်ကို ဖွဲ့စည်းကာ ဝါရင့်သံတမန်တစ်ဦးကို ဦးဆောင်ရန် ခန့်အပ်ခဲ့သည်။ ၎င်းဝန်ကြီးဌာနကို လွှတ်တော်တွင် ကန့်ကွက်ဆွေးနွေးမည့်သူ မရှိသဖြင့် အတည်ပြုခဲ့သည်။ အတိုက်အခံနှင့် တပ်မတော်ကိုယ်စားလှယ်များကမူ ၎င်းတို့၏အမြင်များကို ထည့်သွင်းစဉ်းစားမည် မဟုတ်သည့်အပြင် ထွက်ပေါ်လာမည့် မဲခွဲမှုရလဒ်မှာလည်း သေချာနေသည့်အလျောက် ဆွေးနွေးရန်ငြင်းဆိုခဲ့ကြသည်ဟု ကြားသိရသည်။[13]

---

[10] Channel News Asia interview, Suu Kyi, 10 November 2015; also, "Appointed president will take instructions from me if NLD wins: Suu Kyi", Channel News Asia, 10 November 2015.

[11] အဖွဲ့ဝင် ၁၁ ဦးကောင်စီတွင် သမ္မတက ဦးဆောင်ပြီး ဒုသမ္မတနှစ်ဦး၊ လွှတ်တော်နှစ်ရပ်၏ ဥက္ကဋ္ဌများ၊ ကာကွယ်ရေးဦးစီးချုပ်၊ ဒုကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေး၊ ပြည်ထဲရေး၊ နယ်စပ်ရေးရာဝန်ကြီးများပါဝင်သည် (အခြေခံ ဥပဒေ ပုဒ်မ ၂၀၁)

[12] ပါတီစုံဒီမိုကရေစီ၊ ဈေးကွက်စီးပွါးရေး၊ ဖက်ဒရယ်စနစ်၊ ငြိမ်းချမ်းရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးရေးတို့နှင့် ပတ်သက်၍ နိုင်ငံတော်ကို အကြံဉာဏ်ပေးရန် ၎င်းရာထူးကို ဖန်တီးသည်ဟု ဥပဒေကြမ်းတွင် ဖော်ပြထားသည်။

[13] အငြိမ်းစား သံအမတ်ကြီး ဦးကျော်တင့်ဆွေကို မေလ ၁၇ ရက်တွင် ဝန်ကြီးအဖြစ်ခန့်အပ်သည်။ See, for example, "MPs quiet as state counsellor ministry approved", *Myanmar Times*, 11 May 2016.

ဒေါ်အောင်ဆန်းစုကြည်အတွက် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် (နိုင်ငံ့ခေါင်းဆောင်) နှင့် နိုင်ငံခြားရေးဝန်ကြီးကဏ္ဍနှစ်ခုအပြင် ခေါင်းစဉ်အမျိုးမျိုးနှင့် ကော်မတီများတွင် ဦးဆောင်နေခြင်းသည် များပြားလွန်းသော အလုပ်တာဝန်များကို ဖြစ်ပေါ်စေသည်။[14] ထို့အတွက် အတွေ့အကြုံရင့်အငြိမ်းစားသံတမန် ဦးကျော်တင်ကို ဒုတိယနိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ကာ ဝန်ကြီးတစ်ဦး၏ လုပ်ပိုင်ခွင့်နှင့် အဆင့်အတန်းကို ပေးအပ်ရန် ရည်ရွယ်ထားရာ ၎င်းသည် နိုင်ငံခြားရေးဝန်ကြီး၏ လုပ်ငန်းတာဝန်များစွာကို လုပ်ဆောင်သွားနိုင်မည်ဖြစ်သည်။ သို့ရာတွင် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်မှာမူ ဇူလိုင်လတွင်ကျင်းပမည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်ခြင်းအပါအဝင် ပိုမိုအရေးပါသော လုပ်ငန်းဆောင်တာများကို ဆက်လက်တာဝန်ယူသွားမည်ဖြစ်သည်။[15]

အစိုးရသစ်သည် အရည်အသွေးအချို့ကို ထုတ်ပြခဲ့သော်လည်း မူဝါဒများ၊ ဦးစားပေးကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်ဖော်ပြမှု အနည်းငယ်သာရှိသည်။ ဒေါ်အောင်ဆန်းစုကြည်သည် ဧပြီလ ၁၈ ရက်က မြန်မာနှစ်သစ်ကူးမိန့်ခွန်း ပထမဆုံးပြောကြားရာတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဥပဒေစိုးမိုးရေး၊ အခြေခံဥပဒေပြင်ဆင်ရေး၊ ဒီမိုကရေစီ ဆက်လက်ထွန်းကားရေးတို့ကို ဦးစားပေးကိစ္စ ငါးရပ်အဖြစ်ညွှန်ပြသွားခဲ့ပြီး ၎င်းတို့အနက် အမျိုးသားပြန်လည်သင့်မြတ်ရေးသည် အရေးကြီးဆုံးဟု သူကဖော်ညွှန်းခဲ့သည်။[16] သူ၏မိန့်ခွန်းသည် အထူးသဖြင့် တပ်မတော်နှင့် အရပ်သားပြည်သူများအကြား၊ NLD ပါတီအပေါ် ထောက်ခံသူများနှင့် ဆန့်ကျင်သူများအကြား အတိတ်ကာလသဘောကွဲလွဲမှုများ ရင်ကြားစေ့ကာ သင့်မြတ်ဖို့လိုကြောင်း ဆိုလိုပုံရသည်။[17]

အစိုးရသစ်သည် ယခင်အစိုးရနှင့် သဘောသဘာဝနှင့် အနှစ်သာရ ကွာခြားကြောင်းကို ပြသသည့် ကြိုးပမ်းမှုများကိုလည်း လုပ်ဆောင်ခဲ့သည်။ ဥပဒေနှင့် မညီသော ဆန္ဒပြမှုဖြင့် တရားစွဲဆိုထားသောသူ ၁၉၉ ဦးကို ဧပြီလ ၈ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်၏ အစီအစဉ်ဖြင့် တရားစွဲဆိုမှု ရုတ်သိမ်းပေးခဲ့သည်။ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီးထားသူ ၈၃ ဦးကိုလည်း ဧပြီလ ၁၆ ရက်တွင် သမ္မတက

[14] ဒေါ်အောင်ဆန်းစုကြည်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ကော်မတီများမှာ ငြိမ်းချမ်းရေးအကောင်အထည်ဖော်မှုဆိုင်ရာဗဟိုကော်မတီ၊ ရခိုင်ပြည်နယ်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးမှု ပူးတွဲကော်မတီတို့ဖြစ်သည်။ ယခင် မြန်မာငြိမ်းချမ်းရေးစင်တာကို ပြန်လည်ဖွဲ့စည်းသော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးစင်တာ၏ ဥက္ကဋ္ဌအဖြစ် ဇူလိုင် ၁၁ တွင် ထပ်မံခန့်အပ်ခံရသည်။
[15] Crisis Group က ထိုကိစ္စသိရှိသူ သံတမန်တစ်ဦးနှင့် တွေ့ဆုံမေးမြန်း၊ ရန်ကုန် မေလ ၂၀၁၆။
[16] ထိုနေ့တွင်ပင် စာသားအပြည့်အစုံ၏ တရားဝင်မဟုတ်သော အင်္ဂလိပ်ဘာသာပြန်ကို New Light of Myanmar စာ ၁-၃ တွင် ဖော်ပြခဲ့။
[17] Crisis Group က NLD အကြီးတန်းပါတီဝင်များနှင့် အကဲခတ်လေ့လာသူများကို တွေ့ဆုံမေးမြန်း၊ ၂၀၁၆။ ၎င်းကိစ္စနှင့် ပတ်သက်၍ သူမ၏ တရားဝင်ပြောကြားချက်ကို ထောက်ခံ။

ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပေးခဲ့သည်။ နိုင်ငံတော်ကို နှောက်ယှက်ဖျက်ဆီးလိုသူများ၏ အန္တရာယ်မှ ကာကွယ်စောင့်ရှောက်ရေးဥပဒေအပါအဝင် နိုင်ငံရေးလှုပ်ရှားသူများအပေါ် ပစ်မှတ်ထားသည့် ဥပဒေများကိုလည်း လွှတ်တော်က ရုတ်သိမ်းခဲ့သည်။[18] ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးဥပဒေမှ ညအိပ်ဧည့်စာရင်းတိုင်ကြားရသည့် စည်းကမ်းချက်ကို ဖယ်ရှားမည့် အဆိုပြုချက်ကိုလည်း ဆွေးနွေးလျက်ရှိပြီး ဇွန်လ ၃ ရက်က လွှတ်တော်တစ်ရပ်တွင် အတည်ပြုခဲ့ပြီးဖြစ်သည်။

အစိုးရသစ်သည် သဘောသဘာဝနှင့်ပတ်သက်၍ ပကာသနကင်းရှင်းမှုနှင့် ကျင့်ဝတ်စည်းမျဉ်းလိုက်နာမှု စိတ်ဓာတ်တို့ကို မီးမောင်းထိုးပြနေသည်။ သာဓကအနေနှင့် ဝန်ကြီးဌာနများ လျှော့ချခြင်းနှင့် ဒုတိယဝန်ကြီးရာထူး အားလုံးနီးပါး ဖယ်ရှားခြင်းတို့၏ အဓိကအကြောင်းရင်းသည် လစာများနှင့် အကျိုးခံစားခွင့်များကို ချွေတာရန်ဖြစ်ကြောင်း သမ္မတက ရှင်းလင်းပြောကြားမှုကို တွေ့မြင်နိုင်သည်။[19] NLD ပါတီသည် ၎င်း၏ လွှတ်တော်ကိုယ်စားလှယ်အားလုံးအား နေပြည်တော်တွင် ကိုယ်ပိုင်အိမ်ရှိသည်ဖြစ်စေ၊ အခန်းကောင်းကောင်း ငှါးရမ်းနိုင်သည်ဖြစ်စေ လွှတ်တော်အစည်းအဝေးကျင်းပနေသည့် ကာလအတွင်း သာမန်အစိုးရဧည့်ရိပ်သာတွင်သာ နေထိုင်ကြရန် စည်းကမ်းထုတ်ပြန်ထားသည်။ ဧည့်ရိပ်သာသည် အရည်အသွေးနိမ့်ကုတင်နှင့်စောင်များထည့်သွင်းပေးထားသော အုတ်တိုက်အခန်းကျဉ်းလေးများ ဖြစ်သောကြောင့် အသက် ၇၂ နှစ်အရွယ် နိုင်ငံရေးအကျဉ်းသားဟောင်းလွှတ်တော်ကိုယ်စားလှယ်က "အခုမိသားစုနဲ့အတူရှိနေတာကလွဲလို့ အကျဉ်းထောင်ကအခန်းလိုပါပဲ" ဟုမှတ်ချက်ပေးသည်။[20] သမ္မတ၏ ဂုဏ်ပြုညစာစားပွဲတွင် ယမကာအရက် တည်ခင်းခြင်းမပြုသည့်အပြင် ဂုဏ်သရေရှိဧည့်သည်တော်များအတွက် ဧည့်ခံပွဲများတွင်လည်း သိသိသာသာ ရိုးရှင်းပွင့်လင်းမှုကို တွေ့မြင်ရသည်။[21]

၎င်းပုံစံသည်လည်း ယခင်အစိုးရနှင့် အစွန်းနစ်ဖက်ကွာခြားမှုကို တစ်စိတ်တစ်ပိုင်းပြသနေခြင်းပင်ဖြစ်သည်။ အဓိက တွေးစရာမှာ ဘဏ္ဍာရေးကြောင့် ဟုတ်ပုံမရပဲ NLD ပါတီ မည်သည့်နေရာမှလာသည်၊ ယခုမည်သည့်နေရာသို့ ရောက်နေသည် ဟူသော အကြောင်းအရာနှင့် ဆက်စပ်ရှုမြင်သင့်သည်။ NLD သည် တပ်မတော်အစိုးရ၏ နှစ်

[18] "POC's [prisoners of conscience] walk free", *Global New Light of Myanmar*, 9 April 2016, pp. 1, 3. သမ္မတရုံးအမိန့်အမှတ် ၃၃/၂၀၁၆ ၊ ၁၆ ဧပြီ ၂၀၁၆။ ထိုနေ့တွင်ပင် ၎င်းတို့လွတ်မြောက်။ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၃၊ ၁၉၇၅ ကို ၃၁ မေလ ၂၀၁၆ တွင်ဖျက်သိမ်း။

[19] NLD ပြောရေးဆိုခွင့်ရှိသူ ယခုမန္တလေးတိုင်း ဝန်ကြီးချုပ် ဦးဇော်မြင့်မောင်၏ မှတ်ချက်များကို "Ministry shake-up: 'Small is beautiful'", *Myanmar Times*, 17 March 2016 တွင်ကြည့်ပါ။

[20] Crisis Group က နေပြည်တော်ဧည့်ရိပ်သာတွင် NLD လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံမေးမြန်း၊ စက်တင်ဘာလ ၂၀၁၅။ "NLD 'iron rules' stifle new parliamentarians", *Myanmar Times*, 25 April 2016. Quotation from "Hardship and no politics in 'jail cell' MP housing", *Myanmar Times*, 1 September 2015.

[21] For example, Michael Peel, "Storm in a teacup stirred up over Myanmar banquet brew", *Financial Times*, 8 June 2016.

ပေါင်းနှစ်ဆယ်ကျော် နိုင်ငံရေး၊ လူမှုရေး၊ စီးပွါးရေးအရ ပြင်းပြင်းထန်ထန် ဖိနှိပ်ထားခြင်းခံခဲ့ရသော ရင်းမြစ်နည်းပါးလွန်းသော ပြုပြင်ပြောင်းလဲရေးအတွက် အောက်ခြေလူတန်းစားလှုပ်ရှားမှုတစ်ခုဖြစ်ခဲ့သည်။ ၎င်းပါတီသည် ယခုအခါ တပ်မတော်အစိုးရက ကုန်ကျစရိတ်ကြီးမားစွာသုံးစွဲ တည်ဆောက်ထားခဲ့သည့် ကြီးကျယ်ခမ်းနားသည့် ခန်းမဆောင်ကြီးများတွင် နေရာရရှိနေသည်။ အစိုးရသစ်၏ ပကာသနမရှိ ရိုးရှင်းမှုသည် တိုင်းပြည်ကို ညွှန်ပြသည့် နည်းလမ်းတစ်ခုဖြစ်ပြီး ပါတီအနေနှင့် အဂတိလိုက်စားမှုမရှိ၊ မူလပုံစံမပျက်ပဲ သာမန်ပြည်သူလူထုကို ကိုယ်စားပြုလုပ်ဆောင်သွားမည့် ရွေးကောက်ပွဲကတိအတိုင်း တသမတ်တည်း ရှိနေမည်ဖြစ်ကြောင်း ထပ်မံအတည်ပြုပြသခြင်းဖြစ်ပေလိမ့်မည်။ ထို့အပြင် ဖေါ်ရွေမှုနှင့် အောက်ခြေမလွတ်မှုသဘောကိုလည်း ပြန်လည်ဖြစ်ပေါ်စေသည်။[22]

[22] Crisis Group က အစိုးရသစ်နှင့် တွေ့ကြုံဆက်ဆံခဲ့ရသူ အလွှာအမျိုးမျိုးမှ တစ်ဦးချင်းနှင့် တွေ့ဆုံမေးမြန်း၊ ရန်ကုန် ဧပြီမှ ဇွန်လအထိ ၂၀၁၆။

## III. အီလစ်တို့နှင့် ဆက်ဆံရေး အခြေအနေ

### A. *သက်တောင့်သက်သာမရှိသော အတူလက်တွဲလုပ်ကိုင်မှု*

၂၀၁၅ ရွေးကောက်ပွဲတွင် NLD ပါတီ၏ သောင်ပြိုကမ်းပြိုအောင်ပွဲခံမှုသည် နိုင်ငံရေး အခင်းအကျင်းကို အသွင်ပြောင်းလဲသွားစေသည်။ သမ္မတမဖြစ်အောင် ပိတ်ဆို့ခံရသော်လည်း ဒေါ်အောင်ဆန်းစုကြည်သည် အငြင်းပွါးဖွယ်မရှိသော နိုင်ငံရေးခေါင်းဆောင်ဖြစ်ပြီး နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် အခန်းကဏ္ဍဖြင့် တရားဝင်အောင်လုပ်ဆောင်ခဲ့သည်။ အခြေခံဥပဒေ၏ အာဏာပိုင်းခြားထားမှုအရ သူ့အနေနှင့် လွှတ်တော်ကိုယ်စားလှယ်နေရာကို အလိုအလျောက်စွန့်လွှတ်ရမည်ဖြစ်ပြီး အစိုးရအဖွဲ့တွင် တာဝန်ယူနေသမျှ ပါတီလုပ်ငန်းများတွင် ပါဝင်နိုင်မည်မဟုတ်ပေ (အစိုးရအဖွဲ့တွင် ခန့်အပ်ခံရသော အခြားလွှတ်တော်ကိုယ်စားလှယ်များ၊ ပါတီဝင်များလည်း အလားတူပင်ဖြစ်သည်) ။[23] သို့သော်လည်း သူသည် NLD ပါတီနှင့် ဥပဒေပြုကဏ္ဍအပေါ်တွင် ကြီးမားသော အခွင့်အာဏာကို ဆက်လက်ချုပ်ကိုင်ထားဆဲဖြစ်သည်။

ဎင်းအခွင့်အာဏာသည် အတားအဆီးမရှိကျင့်သုံးနိုင်သည့် သဘောမျိုးတော့ မဟုတ်ပေ။ အခြေခံဥပဒေသည် တပ်မတော်အား အဓိကျသည့် လုံခြုံရေးဝန်ကြီးဌာနသုံးခု (ကာကွယ်ရေး၊ ပြည်ထဲရေး၊ နယ်စပ်ရေးရာ) ကို ထိန်းချုပ်ခွင့်၊ ရွေးကောက်တင်မြှောက်ခံမဟုတ်သော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း (အခြေခံဥပဒေပြင်ဆင်မှုအပေါ် ဗီတိုသုံးခွင့်)၊ စစ်ခုံရုံးနှင့် စစ်တပ်ရေးရာ ကိုင်တွယ်ခွင့်တို့အပါအဝင် အာဏာအမြောက်အများ ပေးအပ်ထားသည်။ ထို့အတွက် ဒေါ်အောင်ဆန်းစုကြည်၏ အစိုးရသည် တပ်မတော်နှင့် သက်တောင့်သက်သာမရှိသော အခြေအနေတွင် အတူလက်တွဲလုပ်ကိုင်နေရသည်။ အဆိုပါ ဆက်ဆံရေး၏ အရည်အသွေးသည် အစိုးရ၏ အောင်မြင်မှုအပေါ် အဓိကကျသော အဆုံးအဖြတ်ဖြစ်လာလိမ့်မည်။

### B. *တပ်မတော်နှင့် ဆက်ဆံရေး*

တပ်မတော်နှင့် ဆက်ဆံရေးသည် အသေအချာပင်ရှုပ်ထွေးမှုရှိသည်။ ဒေါ်အောင်ဆန်းစုကြည်၏ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အကူးအပြောင်းကာလအတွင်း တွေ့ဆုံမှုအပေါ် အမြင်ကိုဆိုရပါက အပြုသဘောဆောင်သည်ဟုဆိုနိုင်သော်လည်း ပြောဆိုကြသော အကြောင်းအရာအသေးစိတ်ကိုမူ အနည်းငယ်သာသိရသည်။ ဒေါ်အောင်ဆန်းစုကြည်အနေနှင့် တပ်မတော်၏ ထောက်ခံအားပေးမှု (သို့) အနည်းဆုံးအားဖြင့် လက်သင့်ခံမှုမရှိပဲ ထိထိရောက်ရောက် အုပ်ချုပ်နိုင်မည်မဟုတ်ပေ။ အပြန်အလှန်အား

[23] အခြားအစိုးရအဖွဲ့ဝင်များအတွက် ၂၀၀၈ အခြေခံဥပဒေ ပုဒ်မ ၆၃၊ ၆၄ နှင့် ဆက်စပ်သော ပြဋ္ဌာန်းချက်များ။

ဖြင့် တပ်မတော်သည်လည်း ပြည်တွင်းနှင့် နိုင်ငံတကာတွင် ဂုဏ်သတင်းမွေးရေး၊ အနောက်အုပ်စုနှင့် တပ်မတော်ချင်းဆက်ဆံရေးစသော အဓိကရည်မှန်းချက်များ အောင်မြင်ရန် သူ့အပေါ်မှီခိုနေရသည်။ ပို၍အခြေခံကျကျဆိုရလျှင် တပ်မတော်သည် အသွင်ကူးပြောင်းရေး အောင်မြင်မှုအပေါ်တွင် ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်ပြီး အကယ်၍ အစိုးရမအောင်မြင်ပါက ယင်းကျရှုံးမှုသည် တပ်မတော်ကိုယ်တိုင် အစပျိုးခဲ့သော အသွင်ကူးပြောင်းမှုနှင့် တိုင်းပြည်၏ ကျရှုံးမှုတို့ပင် ဖြစ်ပေလိမ့်မည်။[24]

သို့သော် နစ်ဖက်စလုံးနှင့် ဆိုင်သောအကျိုးစီးပွါးသည် အပေါင်းလက္ခဏာဆောင်သော ဆက်ဆံရေးအဖြစ် အလိုအလျှောက်ကူးပြောင်းသွားခြင်းမရှိပေ။ တင်းမာမှုရှိသည့် နေရာများကိုလည်း တွေ့မြင်နေရသည်။ အာဏာလွှဲပြောင်းပြီး ရက်အနည်းငယ်အတွင်း တင်သွင်းခဲ့သော နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဥပဒေကြမ်းကို တပ်မတော်က အထူးသဖြင့် စိတ်အနှောက်အယှက်ဖြစ်ခဲ့သည်။ အကြောင်းအရာအနေနှင့် သဘောမတူသောအချက်မှာ ၎င်းဥပဒေကြမ်းသည် သမ္မတ၏ အခွင့်အာဏာအား ထိခိုက်စေမည့် ရာထူးကို အခြေခံဥပဒေနှင့် မညီပဲ ဖန်တီးမှု၊ အစိုးရနှင့် လွှတ်တော် နှစ်မျိုးစလုံးအပေါ် တာဝန်ယူမှုတို့နှင့်သက်ဆိုင်ပြီး ယင်းအမြင်ကို အတိုက်အခံလွှတ်တော်ကိုယ်စားလှယ်အချို့ကလည်းလက်ခံခဲ့ကြသည်။ ၎င်းရာထူးအပေါ် ဥပဒေက ခွင့်ပြုထားသော အထူးအခွင့်အရေးများသည် အာဏာအမြောက်အများကို ထိန်းချုပ်ရန် စိတ်ချယုံကြည်မှုကို မဖြစ်မနေဖန်တီးပေးသည့်အလျှောက်၊ တပ်မတော်သည် အထူးသဖြင့်အခြေခံဥပဒေနှင့်ဆိုင်သောကိစ္စရပ်များကို အကဲဆတ်ခြင်းဖြစ်သည်။[25] ပုံစံအားဖြင့် သဘောမတူသောအချက်မှာ တပ်မတော်၏ ကန့်ကွက်မှုများကို ထည့်သွင်းစဉ်းစားခြင်းမပြုပဲ ဥပဒေကြမ်းကို မြန်မြန်ဆန်ဆန်တွန်းအားပေး လုပ်ဆောင်သွားခြင်းသည် မျှတမှုမရှိသောကြောင့်ဖြစ်သည်။

တားဆီးရန် မတတ်နိုင်သော တပ်မတော်ကိုယ်စားလှယ် အစုအဖွဲ့သည် ဧပြီလ ၅ ရက်က ပြည်သူ့လွှတ်တော်တွင် ဆန္ဒပြသည့်အနေဖြင့် တပ်မတော်သားကိုယ်စားလှယ်တစ်ဦးက "ကျွန်တော်တို့တင်ပြတဲ့ ပြင်ဆင်ရေးအဆိုပြုချက်တွေကို လွှတ်တော်က ထည့်သွင်းစဉ်းစားခြင်း မပြုတဲ့အတွက် ဥပဒေကြမ်းကို ကျွန်တော်တို့မဲမပေးပါဘူး" ဟု ပြောကြားခဲ့သည်။[26] အစည်းအဝေးအပြီးတွင် တပ်မတော်ကိုယ်စားလှယ်များက အသံ

[24] တိုင်းပြည်ပြောင်းလဲဖို့လိုသည်ဟု တပ်မတော်က ဘာကြောင့် ယူဆသလဲနှင့်ပတ်သက်၍ ဆွေးနွေးချက်ကို see Crisis Group Briefing, *Myanmar's Military*, op. cit.; အလားတူ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ကာကွယ်ရေးအစီရင်ခံစာ (၂၀၁၅) နေပြည်တော်၊ ဒီဇင်ဘာ၊ ၂၀၁၅ ကိုလည်းကြည့်ရန်။
[25] Military MPs slam bill to create 'state counsellor' role", *Myanmar Times*, 1 April 2016; "NLD to ram through state counsellor law", *Myanmar Times*, 4 April 2016. Crisis Group Briefing, *Myanmar's Military*, op. cit.
[26] ဗိုလ်မှူးချုပ်မောင်မောင်၏ ပြောဆိုချက်ကို "State Counsellor Bill passed by Lower House", *Global New Light of Myanmar*, 6 April 2016, p. 3. တွင် ကိုးကားဖော်ပြထားသည်။

တိတ်မတ်တပ်ရပ်ဆန္ဒပြခဲ့ကြပြီး ထို့နောက်တွင် ဒီမိုကရေစီနည်းကျ လူများစုအားကိုးဖြင့် ဥပဒေကို အတည်ပြုသည့် လုပ်ရပ်အဖြစ် ကန့်ကွက်ခဲ့ကြသည်။ အခြေခံဥပဒေခုံရုံးအဖွဲ့ဝင်များကိုလည်း NLD ကပင် ခန့်အပ်ထားသောကြောင့် ဥပဒေကြောင်းအရ တရားဝင်စိန်ခေါ်မှုသည် အောင်မြင်မည်မဟုတ်ကြောင်းနှင့် ထိုသို့သော ၎င်းတို့ ဩဇာမလွှမ်းမိုးနိုင်သည့် နောက်ထပ်အဖြစ်အပျက်များ ထပ်မံထွက်ပေါ်လွင်လာမည့် အန္တရာယ်ရှိသည်ဟု တပ်မတော်က ယူဆခဲ့ဖွယ်ရှိသည်။[27]

လွှတ်တော်တွင် အခြားအငြင်းပွားဖွယ်အချက်အချို့တွေ့ရသော်လည်း တပ်မတော်၏ စိုးရိမ်မှုများကို ထည့်သွင်းစဉ်းစားပေးသည့် သာဓကများလည်းရှိခဲ့သည်။[28] ရခိုင်အမျိုးသားပါတီ (ANP) မှ လွှတ်တော်ကိုယ်စားလှယ်က ရခိုင်ပြည်နယ်တွင် တပ်မတော်နှင့် ရခိုင်တပ် (AA) အကြား တိုက်ခိုက်မှုများ ရပ်တန့်ရေးနှင့် AA လက်နက်ကိုင်အဖွဲ့ကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ခွင့်ပြုရေးကို အမျိုးသားလွှတ်တော်တွင် တောင်းဆိုခဲ့သည်။ မေလ ၃ - ၄ ရက် အစည်းအဝေးတွင် ကာကွယ်ရေးဝန်ကြီးနှင့် တပ်မတော်သားကိုယ်စားလှယ်တစ်ဦးတို့က အဆိုပါ အချက်နှစ်ခုစလုံးကို ပယ်ချခဲ့ပြီး AA သည် စတင်တိုက်ခိုက်သော အဖွဲ့ဖြစ်ကြောင်း၊ "လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ကာ ရွေးချယ်တင်မြှောက်ခံအစိုးရနှင့် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း" ပြောကြားခဲ့သည်။ အတည်ပြုရန် ဆက်လက်လုပ်ဆောင်ပါက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အစိုးရနှင့် တပ်မတော်၏ ဆက်ဆံရေးကို ဆိုးဝါးသွားစေနိုင်သော ၎င်းအဆိုပြုချက်ကို တပ်မတော်က ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ပြီး အကယ်၍ပိတ်ပင်လျှင်လည်း ရခိုင်ပြည်နယ်နှင့် တိုင်းရင်းသားဒေသများ၏ သဘောထားအမြင်ကို လစ်လျူရှုရာရောက်မည်ဖြစ်သည်။ အဆိုပြုမှုနှင့် ဆွေးနွေးမှုကို မဲမခွဲပဲ မှတ်တမ်းတင်ထားရန် လွှတ်တော်ဥက္ကဋ္ဌက ညှိနှိုင်းပေးခဲ့ရာ ၁၉၅ - ၆ မဲဖြင့် သဘောတူခဲ့ကြပြီး အကျပ်အတည်းကို အဆုံးသတ်ခဲ့သည်။[29]

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အစိုးရနှင့် တပ်မတော်သည် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်နေကြပုံရသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အစိုးရနှင့် တပ်မတော်နှစ်ဖက်စလုံးမှ အကြီးတန်းတာဝန်ရှိသူများ ပုံမှန်တွေ့ဆုံကာ ခိုင်မာသည့်ကိစ္စများအား ဆွေးနွေးကြရသည့် ဆွေးနွေးပွဲများရှိနေသောကြောင့် ယုံကြည်မှုတည်ဆောက်ရန် အလားအလာကောင်းသည့် နေရာဖြစ်နေ

---

[27] "President signs State Counsellor Bill into law", *Global New Light of Myanmar*, 7 April 2016. အခြေခံဥပဒေခုံရုံးသည် အခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အပြီးသတ် ဆုံးဖြတ်ပိုင်ခွင့် ရှိသည်။ ခုံရုံးအဖွဲ့ဝင် ကိုးဦးကို သမ္မတနှင့် လွှတ်တော်ဥက္ကဋ္ဌနှစ်ဦးက (သုံးဦးစီ) အဆိုပြုတင်သွင်းသည်။

[28] အသေးစိတ်ဆွေးနွေးမှုကို see Renaud Egreteau, "How powerless are Myanmar's military legislators?", *Nikkei Asian Review*, 5 June 2016.

[29] "A dilemma of peace: Military MPs justify continued conflict with AA", *Global New Light of Myanmar*, 5 May 2016, p. 1. See also "Talk on motion to end fighting in Rakhine", *Global New Light of Myanmar*, 4 May 2016, pp. 1, 3; Sithu Aung Myint, "A lesson in defusing tensions", *Frontier Myanmar*, 22 May 2016.

သည်။ သို့ရာတွင် ကြာလာသည်နှင့်အမျှ ပြင်းပြင်းထန်ထန် အမြင်ကွဲလွဲမှု ဖြစ်နိုင်သော ကိစ္စရပ်မြောက်များစွာ ရှိလာနိုင်သည် (အခန်း IV A တွင်ကြည့်) ။

၂၀၁၆ တွင် ပုံမှန်အငြိမ်းစားယူရမည့် အသက်အရွယ်သို့ ရောက်နေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ရာထူးသက်တမ်းသည် ၎င်းနှင့် ဒေါ်အောင်ဆန်းစုကြည် တို့အကြား အငြင်းပွါးစရာအချက် ဖြစ်လာနိုင်ခြင်း ရှိ၊ မရှိ မှန်းဆခဲ့ကြသည်မှာ တစ်နှစ်ကျော်ခန့်ရှိခဲ့ပြီဖြစ်သည်။ သို့ရာတွင် မေလ ၁၃ ရက်က မီဒီယာများနှင့်တွေ့ဆုံရာတွင် ၎င်းက အငြိမ်းစားယူမည့်ကိစ္စကို အခြေခံဥပဒေက ကိုယ်ပိုင်ဆုံးဖြတ်ရန် ခွင့်ပြုထားကြောင်း၊ တပ်မတော်စည်းမျဉ်းများအရ ရာထူးအဆင့်အလိုက် အမှုထမ်းခွင့် အသက်အရွယ်ကို သတ်မှတ်ထားသော်လည်း ဗိုလ်ချုပ်မှူးကြီးရာထူးအတွက် သတ်မှတ်ချက်မရှိကြောင်း၊ ၎င်းအနေနှင့် တာဝန်ထမ်းဆောင်နိုင်စွမ်း ရှိသေးသောကြောင့် ဆက်လက်အမှုထမ်းရန် ရည်ရွယ်ထားကြောင်း ပြောကြားခဲ့သည်။[30] ဤအချက်သည် တပ်မတော်နှင့် ဆက်ဆံရေးကိစ္စ၌ အရေးကြီးသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အရေးကြီးသော သက်ရောက်မှုများရှိနေသည်။

## C. *တိုင်းရင်းသား နိုင်ငံရေး*

NLD ပါတီ၏ ရွေးကောက်ပွဲအနိုင်ရမှုသည် တိုင်းရင်းသားကိုယ်စားပြုပါတီများကို ဘေးသို့ရောက်သွားစေခဲ့သည်။ ၎င်းပါတီများသည် စုစုပေါင်းအားဖြင့် ပြည်ထောင်စုလွှတ်တော်တွင် ၉ ရာခိုင်နှုန်းမျှသာ နေရာရခဲ့ရာ ရခိုင် ANP နှင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) တို့သာအနိုင်ရပြီး ကျန်ပါတီအချို့မှာ နေရာ အနည်းအကျဉ်းအနိုင်ရကာ များသောအားဖြင့် တစ်နေရာမှ အနိုင်မရခဲ့ကြပေ။[31]

၎င်းတိုင်းရင်းသားပါတီနှစ်ခုနှင့် NLD ပါတီတို့အကြား ဆက်ဆံရေးသည် ခယောင်း လမ်းဖြင့်စတင်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်ကဖြစ်စေ၊ NLD ပါတီကဖြစ်စေ ရွေး ကောက်ပွဲနှင့် အာဏာလွှဲပြောင်းခြင်းအကြား ကာလတစ်လျှောက်လုံး ၎င်းပါတီနှစ်ခု (သို့) အခြားတိုင်းရင်းသားပါတီများကို ဆက်သွယ်မှု မရှိခဲ့သည့်အပြင် ၎င်းပြည်နယ် များတွင် အာဏာခွဲဝေရေးကိစ္စဖြစ်စေ၊ ဝန်ကြီးချုပ်ခန့်အပ်ရေးကိစ္စဖြစ်စေ ညှိနှိုင်းရန် ကြိုးပမ်းခြင်းမရှိခဲ့ပေ။ ANP ဒုဥက္ကဌ

[30] "တပ်မတော်နှင့် ပြည်တွင်းမီဒီယာများတွေ့ဆုံပွဲမှ တပ်မတော်၏သဘောထားနှင့် လုပ်ရပ်များကို ထင်ဟပ်သော စာစုများ" မှ ကောက်နုတ်ချက်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး နေပြည်တော် ၁၆ မေလ ၂၀၁၆ (တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တရားဝင် facebook စာမျက်နှာ bit.ly/28Sz15L တွင် တင်ထားသည်) ။ ကာကွယ်ရေးဌာနသည် တပ်ဖွဲ့များ၏ ကိစ္စရေးရာအဝဝကို လွတ်လပ်စွာ ဆုံးဖြတ်စီမံခွင့်ရှိသည်ဟူသော အခြေခံဥပဒေပုဒ်မ ၂၀ (ခ) ကို ကိုးကား၍ ၎င်းအငြိမ်းစားယူမည့်အသက်ကို ကိုယ်တိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိသည်ဟု ကာကွယ်ပြောဆိုခဲ့သည်။

[31] ရလဒ်အပေါ် အသေးစိတ်ခွဲခြမ်းစိတ်ဖြာသုံးသပ်ချက်အတွက် see Crisis Group Briefing, *The Myanmar Elections*, op. cit.

ဦးအေးသာအောင်ကို ပြည်သူ့လွှတ်တော် ဒုဥက္ကဋ္ဌ ၄နေရာအတွက် တင်သွင်းခြင်းကို NLD ပါတီက တိုင်ပင်ညှိနှိုင်းခြင်းမရှိပဲ လုပ်ဆောင် ခဲ့မှုကို ANP ပါတီက စိတ်အနှောက်အယှက်ဖြစ်ခဲ့သည်။ ဝန်ကြီးချုပ်ရာထူး ၁၄ နေရာ စလုံးအတွက် အခြေခံဥပဒေပါ ဝေဖန်မှုအခံရဆုံးပြဋ္ဌာန်းချက်ကို အသုံးပြု၍ NLD ပါ တီဝင်အားလုံးကိုသာ ခန့်အပ်ရန် သေချာသွားသောအခါတွင် ဆက်ဆံရေး ပိုမိုတင်းမာသွားခဲ့သည်။ ထို့နောက်တွင် ANP နှင့် SNLD နှစ်ပါတီစလုံးက ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရနှစ်မျိုးစလုံးတွင် မည်သည့်ရာထူးကိုမှမယူရန် ငြင်းဆန်လိုက်ကြသည်။[32]

အဆိုပါ သဘောကွဲလွဲမှုသည် မြန်မာနိုင်ငံတွင် လူအများလေးစားမှုရှိသော နိုင်ငံရေးသမားတစ်ဦးဖြစ်သည့် SNLD ပါတီခေါင်းဆောင် ဦးခွန်ထွန်းဦးထံမှ ပြင်းထန်သော တရားဝင်ကြေညာချက်ကို ထွက်ပေါ်လာစေခဲ့သည်။ NLD ပါတီကို အစဉ်တစ်စိုက်ထောက်ခံခဲ့သော တိုင်းရင်းသားပါတီများစုပေါင်းထားသည့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများမဟာမိတ်အဖွဲ့ (UNA) အစည်းအဝေးတွင် မိန့်ခွန်းပြောကြားသော ဦးခွန်ထွန်းဦးက "တိုင်းရင်းသားလူထုသည် NLD အပေါ် မှီခိုရန် မဖြစ်နိုင်သောကြောင့် ယခုမှစ၍ ကိုယ့်အားကိုယ်ကိုးကြရမည်" ဟု ပြောဆိုခဲ့သည်။[33]

တိုင်းရင်းသားခေါင်းဆောင်များနှင့် အစိုးရသစ်အကြား ယုံကြည်မှုမရှိခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆီသို့ ကူးစက်သွားသည်။ တိုင်းရင်းသားခေါင်းဆောင်များ၊ လက်နက်ကိုင်အုပ်စုများနှင့် တိုင်ပင်ညှိနှိုင်းခြင်းမရှိပဲ ၂၁ ရာစု ပင်လုံညီလာခံကို နှစ်လအတွင်း ကျင်းပရန် ဧပြီလ ၂၇ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်က ကျေညာခဲ့ခြင်းသည် ထိုအဆိုပြုချက်သစ်ပါ အကြောင်းအရာက ဘာတွေဖြစ်မလဲ ဆိုသည်နှင့် မည်သို့ကျေညာဖြစ်ခဲ့ပုံတို့နှစ်မျိုးစလုံးအပေါ် စိုးရိမ်မှုများထွက်ပေါ်စေခဲ့သည်။ ယင်းသို့ကျေညာပြီး တစ်လအကြာတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် (NCA) တွင် လက်မှတ်ထိုးခဲ့သော အကြီးဆုံးလက်နက်ကိုင်အဖွဲ့များထဲမှ တစ်ဖွဲ့ဖြစ်သော ရှမ်းလက်နက်ကိုင် SSA-S အဖွဲ့ခေါင်းဆောင်က အောက်ပါအတိုင်း ပြောကြားခဲ့သည် -

---

[32] Crisis Group က စစ်တွေနှင့် ရန်ကုန်တွင် ရခိုင်အမျိုးသားပါတီကိုယ်စားလှယ်များနှင့် တွေ့ဆုံမေးမြန်း၊ မေလ ၂၀၁၆။ "Choice of Deputy Speaker stokes ANP dispute", 1 February 2016; "NLD to keep all chief minister jobs", 4 March 2016; "SNLD rejects offer of posts in government", 25 March 2016; "NLD control over chief ministers riles ethnic parties", 29 March 2016; all articles *Myanmar Times*.

[33] ဦးခွန်ထွန်းဦး၏ မှတ်ချက်များ၊ ညီညွတ်သော တိုင်းရင်းသားများမဟာမိတ်အဖွဲ့အစည်းအဝေး၊ ရန်ကုန်၊ ၇ မေလ ၂၀၁၆။

> "ဒီညီလာခံအကြောင်းကို ကျွန်တော် အသေးစိတ်မသိပါဘူး။ ဒေါ်အောင်ဆန်းစုကြည်ဘယ်လိုအချက်တွေကို လုပ်ဆောင်မလဲ၊ ဘယ်လိုကိုင်တွယ်မလဲ ဆိုတာကို ကျွန်တော်မစဉ်းစားတတ်ပါဘူး။ သူမအနေနဲ့နားလည်မှုလွဲပြီး လမ်းမှားသွားမှာကို ကျွန်တော်စိုးရိမ်မိပါတယ်။ ဒီညီလာခံ လွဲမှားသွားရင် ပြည်ထောင်စုရဲ့ အနာဂတ်အပေါ် သက်ရောက်မှုရှိပါလိမ့်မယ်" [34]

ရခိုင်ပြည်နယ်တွင် တပ်မတော်နှင့် လက်ရှိတိုက်ခိုက်နေသော AA ဦးစီးချုပ်ကလည်း ၂၁ ရာစု ပင်လုံညီလာခံ အစီအစဉ်ကို ယုံကြည်မှုမရှိဟု ထုတ်ဖော်ပြောဆိုသည်။ ၎င်း၏ စိုးရိမ်မှုသည် ရခိုင်ပြည်နယ်တွင် အစိုးရက တစ်ဖက်သတ်လုပ်ဆောင်နေသည်ဟူသောအယူအဆနှင့် အစိုးရ၏ တိုင်ပင်ညှိနှိုင်းမှုအပေါ်ကိုင်တွယ်ပုံနှစ်မျိုးစလုံးနှင့် ဆက်စပ်နေပြီး ၎င်းက "လက်ရှိမှာ ပြည်ထောင်စုအစိုးရဟာ ပြည်နယ်တွေကို ဖက်ဒရယ်မူနဲ့ စီမံခန့်ခွဲနေတာမဟုတ်ပါဘူး။ ဒါကြောင့် ဒီအစိုးရသက်တမ်းမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လက်မှတ်ထိုးဖြစ်ကြလိမ့်မယ်လို့ ယုံကြည်မှုအပြည့်အဝမရှိပါဘူး" ဟု ပြောကြားခဲ့သည်။ ကချင်လွတ်မြောက်ရေးအဖွဲ့ KIO အကြီးတန်းကိုယ်စားလှယ်များကမူ ၎င်းအစီအစဉ်ကို သတိထား၍ ကြိုဆိုခဲ့ကြသော်လည်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် တိုက်ပွဲများ ပိုမိုဖြစ်ပွားနေမှုအပေါ် ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုမှုမရှိခြင်းကို စိုးရိမ်ကြောင်းနှင့် သံသယရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။[35]

တိုင်းရင်းသားလက်နက်ကိုင်အုပ်စု ခေါင်းဆောင်များအကြားရှိနေသော အရေးကြီးသည့် စိုးရိမ်မှုတစ်ခုမှာ ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်မတော်အကြား အခြားကိစ္စရပ်များတွင် တင်းမာမှုများရှိနေသော်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ အမြင်တူညီမှုရှိသည်ဟု လက်ခံယူဆမှုဖြစ်သည်။ ဤအချက်သည် ပြဿနာတစ်ခုအဖြစ် အလိုအလျောက်ဖြစ်မလာနိုင်သော်လည်း ညှိနှိုင်းဆောင်ရွက်မှုမရှိခြင်း သို့မဟုတ် သိသိသာသာ အမြင်ကွဲလွဲမှုမှန်သမျှသည် လုပ်ငန်းစဉ်ကို ဆုံးခန်းတိုင်သွားစေနိုင်သည်။ သို့သော်လည်း လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များကြားတွင် စိုးရွံ့မှုမှာ ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်မတော်တို့ကြား ညီညွတ်စွာပူးပေါင်းမှုတွင် လူကြိုက်များသည့် တရားဝင်မှုနှင့် အာဏာတို့ပါ ပေါင်းထည့်လိုက်ပါက ရင်ဆိုင်စေ့စပ်ညှိနှိုင်းရန် မလွယ်နိုင်ဟူ၍ဖြစ်သည်။[36] သို့ရာတွင် ဤအချက်သည် ယေဘူယျအားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်း

---

[34] ဒုတိယဗိုလ်ချုပ်ကြီးရွက်ဆစ် "ဤညီလာခံမှားယွင်းသွားပါက ပြည်ထောင်စု၏ အနာဂါတ်ထိခိုက်မည်" ရှမ်းသံတော်ဆင့်သတင်း၊ ၂၆ မေလ ၂၀၁၆။

[35] "The army insists we give up our weapons – this is a major obstacle'", *Myanmar Times*, 24 June 2016. "Embattled ethnic armed groups cast doubt on Suu Kyi's peace drive", *The Irrawaddy*, 25 May 2016.

[36] Crisis Group က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါဝင်သော တိုင်းရင်းသားခေါင်းဆောင်များ၊ ပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်း၊ ရန်ကုန်နှင့် နေပြည်တော်၌၊ ဩဂုတ် - စက်တင်ဘာ ၂၀၁၅။

စဉ်၏ အပေါင်းလက္ခဏာဆောင်သော အရှိန်အဟုန်ကိုမူ တားဆီးခြင်းမရှိပေ။ ရက် အတိအကျမသတ်မှတ်ရသေးသော်လည်း ၂၁ ရာစုပင်လုံညီလာခံကို ဩဂုတ်လနှောင်းပိုင်းတွင် ကျင်းပရန် စီစဉ်ထားပြီး အချိန်နောက်ဆုတ်သွားနိုင်သည်။

### D. *အခြားအီလစ်တို့နှင့် ဆက်ဆံရေး*

အစိုးရသစ်နှင့် နိုင်ငံရေးအီလစ်ဟောင်းများအကြား ဆက်ဆံရေးမှာလည်း ရောထွေးလျက်ရှိသည်။ ယခင်အစိုးရ၏ ပြည်ခိုင်ဖြိုးပါတီ (USDP) သည် ရွေးကောက်ပွဲတွင် ရှုံးနိမ့်ကာ ပြည်ထောင်စုလွှတ်တော်တွင် ၆ ရာခိုင်နှုန်းမျှသာ နေရာရရှိခဲ့သည်။[37]

ပြည်ခိုင်ဖြိုးပါတီသည် ၂၀၁၅ ဩဂုတ်လ သန်းခေါင်ယံအာဏာသိမ်းပွဲတွင် ထိုစဉ်က လွှတ်တော်ဥက္ကဋ္ဌ ဦးရွှေမန်းကို ပါတီဥက္ကဋ္ဌအဖြစ်မှ ဖယ်ရှားခဲ့ပြီး ဖြစ်သော်လည်း ၎င်းသည် ပါတီဝင်နှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဆက်လက်ရှိနေခဲ့သည်။ ယင်းဖြစ်ရပ်သည် ဦးရွှေမန်းနှင့် ဦးသိန်းစိန်တို့ အသီးသီးဦးဆောင်သော အုပ်စုနှစ်စုအကြား ကာလရှည်တင်းမာမှု၏ ရလဒ်ဖြစ်ပြီး အစိုးရနှင့် လွှတ်တော်အကြား တင်းမာမှုကို ထင်ဟပ်လျက်ရှိသည်။ ဦးသိန်းစိန်၏ မဟာမိတ်များထံမှ တင်ပြမှုများနှင့် ရွေးကောက်ပွဲဝင်မည့် အငြိမ်းစားယူကာစ တပ်မတော်အရာရှိများ (ဦးသိန်းစိန်၏ ထောက်ခံသူများဟု ယူဆရသော) ကို ဦးရွှေမန်းက ပယ်ချခဲ့ပြီးနောက် အခြေအနေ ဆိုးဝါးသွားခဲ့ခြင်းဖြစ်သည်။ ပြည်ခိုင်ဖြိုးပါတီကိုရင်း၍ NLD ၏ သမ္မတလောင်း ဖြစ်လာရန် ရည်မှန်းနေသည်ဟု ရှုမြင်ကြသော ဦးရွှေမန်း၏ ဒေါ်အောင်ဆန်းစုကြည်နှင့် ရင်းနှီးသောဆက်ဆံရေးတည်ဆောက်မှုကို ပြည်ခိုင်ဖြိုးပါတီဝင်များက စိတ်ကသိကအောက် ဖြစ်ခဲ့ကြသည်။ ထို့အပြင်ဒေါ်အောင်ဆန်းစုကြည် ကြိုးပမ်းနေသော အခြေခံဥပဒေပြင်ဆင်ရေး အဆိုပြုချက်များကို ဦးရွှေမန်းက တွန်းအားပေးလာသောအခါတွင် တပ်မတော်က အမျက်ထွက်ခဲ့ပြီး၊ အတည်ပြုနိုင်လိမ့်မည် မဟုတ်မှန်းသိရှိသော်လည်း တပ်မတော်အား ဗီတိုအာဏာသုံးလာအောင် အကျပ်ရိုက်စေခဲ့သည်။[38]

ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးရွှေမန်းတို့သည် ရွေးကောက်ပွဲအပြီးတွင်လည်း ၎င်းတို့၏ မဟာမိတ်ဖွဲ့မှုကို ဆက်လက်ထိမ်းသိမ်းခဲ့သည်။ ဦးရွှေမန်း၏ သမ္မတရည်မှန်းချက်များ မပြည့်ဝခဲ့သော်လည်း ဖေဖော်ဝါရီလ ၅ ရက်တွင် ၎င်းအား ဩဇာကြီးသော လွှတ်တော်ကော်မတီဖြစ်သည့် ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များသုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခန့်အပ်ခဲ့သည်။ ဦးရွှေမန်း၏ ပုဂ္ဂိုလ်ရေးလုပ်ပိုင်ခွင့်နှင့် ကော်မရှင်၏ တိတိကျကျမဖော်ပြသော အခွင့်

---

[37] အသေးစိတ်သုံးသပ်ချက်အတွက် see Crisis Group Briefing, *The Myanmar Elections*, op. cit.
[38] Crisis Group က ပြည်ခိုင်ဖြိုးအကြီးတန်းပါတီဝင်များအပါအဝင် တပ်မတော်နှင့် နီးစပ်သူများအားတွေ့ဆုံမေးမြန်းခြင်း၊ ရန်ကုန်နှင့် နေပြည်တော်၌၊ ဩဂုတ် - အောက်တိုဘာ ၂၀၁၅။

အာဏာတို့ကြောင့် ဥပဒေပြုမှုအပေါ် အာဏာမည်မျှရှိသနည်း၊ ဒေါ်အောင်ဆန်းစုကြည်အပေါ် မည်မျှလွှမ်းမိုးထားသနည်း စသည်တို့နှင့်ပတ်သက်၍ ပြည်ခိုင်ဖြိုးပါတီနှင့် တပ်မတော်က စိုးရိမ်ပူပန်မှုရှိခဲ့သည်။ ဦးရွှေမန်းနှင့် ရင်းနှီးသော ပြည်ခိုင်ဖြိုးပါတီမှ လုပ်ဖော်ကိုင်ဖက်နှစ်ဦးကို သမ္မတဦးထင်ကျော်က အစိုးရအဖွဲ့အတွင်း ထည့်သွင်းလိုက်သောအခါတွင် အထက်ပါစိုးရိမ်မှုများ ပိုမိုကြီးထွားလာခဲ့သည်။ ရာထူးစွန့်ပြီး မရွေးမနှောင်း ပါတီဥက္ကဋ္ဌနေရာကို ပြန်ယူလိုက်သော ဦးသိန်းစိန်က ပြည်ခိုင်ဖြိုးပါတီဝင် ဝန်ကြီးနှစ်ဦး (Appendix B တွင်ကြည့်) ၊ ဦးရွှေမန်းနှင့် ကော်မရှင်အဖွဲ့ဝင်များအပါအဝင် ပါတီဝင် ၁၆ ဦးကို ပါတီမှ ထုတ်ပယ်လိုက်သောအခါ အရာရာသည် ပိုမိုဆိုးဝါးသွားသည်။ ယခင်စိုးရိမ်မှုများ ရှိနေသည့်အပြင် လတ်တလောဖြစ်စဉ်များက ဦးရွှေမန်းသည် ပါတီခေါင်းဆောင်နေရာကို ပြန်လည်ရယူရန် ထောက်ခံမှုအင်အား စုဖွဲ့နေသည်ဟူသော ပူပန်မှုများကို ဖြစ်ပေါ်စေခဲ့ပုံရသည်။[39]

ဦးရွှေမန်းနှင့် ပြိုင်ဖက်ပြည်ခိုင်ဖြိုးအုပ်စုအကြားမှ အာဃာတများကြောင့် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအီလစ်ဟောင်းတို့၏ဆက်ဆံရေး ထပ်မံရှုတ်ထွေးသွားနိုင်သည့် အန္တရာယ်လည်း ရှိနေသည်။ ပြည်ခိုင်ဖြိုးပါတီအုပ်စုသည် လက်ရှိအချိန်တွင် လွှတ်တော်၌ အရာမရောက်တော့သော်လည်း သိသိသာသာ အနှောက်အယှက်ပေးနိုင်သော အင်အားကို ထိန်းထားဆဲဖြစ်သောကြောင့် သူမအနေနှင့် ရှောင်ရှားရန် အရေးကြီးသည်။ ပို၍အရေးကြီးသည်မှာ ဦးရွှေမန်းအပေါ် ဒေါ်အောင်ဆန်းစုကြည်၏ ထောက်ခံမှုသည် သူနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဆက်ဆံရေးကို ထိခိုက်နိုင်ခြင်းဖြစ်သည်။ သို့ရာတွင် ဒေါ်အောင်ဆန်းစုကြည်သည် သူနှင့် လွှတ်တော်ဥက္ကဋ္ဌဟောင်းအကြား အနည်းငယ်ခွာထားကြောင်း ပြသမှုကြောင့် အဆိုပါ အန္တရာယ်မှာ လောလောဆယ်တွင် လျော့ပါးနေပုံရသည်။ ဤအကြောင်းအရာသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အပေါ်တွင်လည်း အထူးသဖြင့် သက်ရောက်မှုရှိနိုင်သည်။ ဦးရွှေမန်းက အရေးကြီးသော ကော်မတီများတွင် ၎င်း၏ မဟာမိတ်များကို ခန့်အပ်ရန် တွန်းအားပေးရာ တပ်မတော်အား စိတ်ဆိုးစေခဲ့သော်လည်း တွန်းအားပေးမှု မအောင်မြင်ခဲ့ပေ။[40]

[39] ရင်းနှီးသော လုပ်ဖော်ကိုင်ဖက်များမှာ သာသနာရေးဝန်ကြီး ဦးအောင်ကို၊ အလုပ်သမားဝန်ကြီး ဦးသိန်းဆွေတို့ဖြစ်။ Crisis Group က တပ်မတော်နှင့် နီးစပ်သူများ၊ အနောက်အုပ်စု သံတမန်များကို တွေ့ဆုံမေးမြန်း၊ ရန်ကုန်၊ မေလ ၂၀၁၆။ "Shwe Mann contests USDP expulsions", *Myanmar Times*, 26 April 2016. Crisis Group က အာရှမှ သံတမန်ကို တွေ့ဆုံမေးမြန်း၊ ရန်ကုန်၊ ဧပြီ ၂၀၁၆။ ထုတ်ပယ်ခံရချိန်တွင် ပါတီအထူးညီလာခံခေါ်ယူရန် ဦးရွှေမန်းတွင် လက်မှတ်အလုံအလောက်ရှိကြောင်း ကြားသိရသည်။
[40] Crisis Group က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် နီးစပ်သူအား တွေ့ဆုံမေးမြန်းခြင်း၊ ရန်ကုန်၊ မေလ ၂၀၁၆။

## IV. သော့ချက်ကျသော စိန်ခေါ်မှုများ

အစိုးရသည် သော့ချက်ကျသော စိန်ခေါ်မှုအတော်များများကို ချက်ခြင်းကိုင်တွယ်ဖြေရှင်းရမည်ဖြစ်သည်။ အာဏာရှင်အုပ်ချုပ်ရေးစနစ်နှင့် ပြည်တွင်းစစ်တို့က ဆယ်စုနှစ်များနှင့်ချီ၍ ကြာခဲ့ပြီးနောက် အချို့မှာ ကာလကြာရှည်က ဖြစ်နေသော ဖွဲ့စည်းတည်ဆောက်ထားပုံများနှင့်ဆိုင်သော ပြဿနာများဖြစ်ပြီး ပိုမိုပြည့်စုံသော မူဝါဒများချမှတ်ကျင့်သုံးရုံမျှဖြင့် ပြုပြင်လို့မရနိုင်ပေ။[41] ချက်ခြင်းကိုင်တွယ်ရမည့် ကိစ္စရပ်များတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ရှေ့သို့ဆက်လက်ရွေ့သွားစေရန်၊ ရခိုင်ပြည်နယ်မှအခြေအနေကို ကိုင်တွယ်ရန်နှင့် တရုတ်နိုင်ငံနှင့် ဆက်ဆံရေးကို ပြန်လည်ချိန်ညှိသည့် သိမ်မွေ့သော လုပ်ငန်းစဉ်ကို ဆက်လက်လုပ်ဆောင်ရန်တို့ဖြစ်သည်။

### A. *ငြိမ်းချမ်းရေးလုပ်ငန်းစဉ်*

ပြီးခဲ့သည့်အစိုးရသည် ဆယ်စုနှစ်ခြောက်ခုမျှကြာနေပြီဖြစ်သည့် ပြည်တွင်းစစ်ပြီးဆုံးသွားစေရန် အရေးပါသော ခရီးတစ်ခုအထိလှမ်းနိုင်ခဲ့သည်။ နှစ်ဖက်အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်လက်မှတ်ရေးထိုးခြင်းနှင့် အ မျိုးသားသဘောတူညီချက်အတွက် ပူးတွဲညှိနှိုင်းမှုများကို စတင်နိုင်ခဲ့ခြင်းများဖြစ်သည်။ သို့သော်လည်း ယုံကြည်မှုမရှိခြင်း၊ အချို့လက်နက်ကိုင်အဖွဲ့အစည်းများကို လုပ်ငန်းစဉ်မှဖယ်ထုတ်ခဲ့ခြင်းနှင့် ရွေးကောက်ပွဲအကြိုကာလ နိုင်ငံရေးဝန်းကျင်ပြောင်းလဲမှုများက လုပ်ငန်းစဉ်ကို ရှုတ်ထွေးသွားစေခဲ့သည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက် (NCA) ပါ စာသားကို အဖွဲ့အားလုံးက သဘောတူညီကြပြီးဖြစ်သော်လည်း ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် အဖွဲ့ ၈ ဖွဲ့ကသာ လက်မှတ်ရေးထိုးခဲ့ကြသည်။[42] ထိုသို့အားလုံးပါဝင်မှုမရှိခြင်းကြောင့် ရလဒ်အားဖြင့် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့အတွင်းတွင်ရော၊ အဖွဲ့များကြားတွင်ပါ သဘောထားကွဲမှုများ ဖြစ်ခဲ့ရပြီး တစ်စိတ်တစ်ပိုင်းအောင်မြင်မှုကသာ အကောင်းဆုံးရလဒ်ဖြစ်ခဲ့သည်။

---

[41] ဤအချက်ကို Crisis Group မှ ယခင်မြန်မာနိုင်ငံနှင့်ပတ်သက်၍ သုံးသပ်သူက ထောက်ပြခဲ့ခြင်းဖြစ်ပြီး၊ ၎င်းသည် ၂၀၀၈ က ရေးသားခဲ့ရာတွင် "စစ်တပ်အုပ်ချုပ်ရေး၏ အကျိုးဆက်အများစုသည် ကြာလာသောအခါ ဖွံ့ဖြိုးမှုနိမ့်ကျခြင်း၏ အကြောင်းရင်းများဖြစ်လာ...။ [၎င်းတို့သည်] ဖွဲ့စည်းတည်ဆောက်ထားပုံများနှင့်ဆိုင်ပြီး တပ်မတော်အစိုးရကို ရွေးကောက်ပွဲဖြင့်တက်လာသော အစိုးရဖြင့် လဲလှယ်လိုက်ရုံဖြင့် မဖြေရှင်းနိုင် - သို့မဟုတ် ပပျောက်သွားအောင်လုပ်ရန်ပင်မလိုအပ်ပေ။" Morten Pedersen, *Promoting Human Rights in Burma* (New York).

[42] See Crisis Group Briefing, *Myanmar's Peace Process*, op. cit. အုပ်စုအားလုံးကို လုပ်ငန်းစဉ်တွင် ပါဝင်ခွင့်ပြုခဲ့ပြီး စာသားကို သဘောတူခဲ့ကြသည်။ သို့သော် အစိုးရသည် လက်ရှိဖြစ်နေသော ပဋိပက္ခတွင် ပါဝင်နေသော အဖွဲ့သုံးဖွဲ့ - ကိုးကန့်မှ မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ် (MNDAA)၊ တအောင်းအမျိုးသားလွတ်မြောက်ရေးတပ် (TNLA) နှင့် AA - ကို ဖယ်ထုတ်ထားခဲ့သည်။ ၎င်းတို့သည် သဘောတူညီချက်အတွက် အစိုးရနှင့် ညှိနှိုင်းခဲ့သော တစ်နိုင်ငံလုံးအပစ်ရပ်ညှိနှိုင်းရေးအဖွဲ့ NCCT တွင် ကိုယ်စားပြုပါဝင်သည်။

အစိုးရသစ်တွင် ပြီးခဲ့သော အတားအဆီးများကို ကျော်လွှားခွင့်ရနိုင်သည့် အားသာချက်အချို့ရှိပါသည်။ ၎င်းတွင် ရွေးချယ်တင်မြှောက်ပြီးပေးအပ်ထားသည့် အားကောင်းသော အခွင့်အာဏာရှိရာ တိုင်းရင်းသားဒေသများ အပါအဝင်ဖြစ်ကာ ပြည်တွင်းရော ပြည်ပတွင်ပါ တရားဝင်မှုအားကောင်းပါသည်။ ဒေါ်အောင်ဆန်းစုကြည်သည် ပြည်သူလူထု၏ ယုံကြည်မှုနှင့် စိတ်ချမှုတို့ကို အတော်များများရရှိထားသည်။ အစိုးရသည်လည်း ပြီးခဲ့သည့်အစိုးရ၏ အတွေ့အကြုံများထံမှ သင်ခန်းစာယူ၍ ၎င်း၏ နည်းလမ်းများကို ပိုကောင်းအောင်လုပ်နိုင်ပါသည်။ ယခုအချိန်သည် အစိုးရသစ်အတွက် သက်တမ်းအစတွင်သာရှိသေးရာ ဂရုပြု၍ ကျွမ်းကျင်လိမ်မာစွာ လုပ်သာကိုင်သာ နေရာရှိပါသေးသည်။ သို့တိုင်အောင် အစိုးရသစ်သည် ကြီးမားသည့် စိန်ခေါ်မှုများကို ကြုံတွေ့ရလျက်ရှိသည်။ ၎င်းတွင်အတော်အတန်သွားထားပြီးဖြစ်သည့် လုပ်ငန်းစဉ်တစ်ခုရှိနှင့်ပြီးဖြစ်ရာ ၎င်း၏ခေါင်းဆောင်များအနေဖြင့်  ထိုလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်ထားမှုသိပ်မရှိပေ။ ထို့ကြောင့် ခေါင်းဆောင်များအနေဖြင့် လုပ်ငန်းစဉ်ကို နောက်မှလိုက်လေ့လာရမည့်နှုန်းမှာ မြန်ဆန်ရပေလိမ့်မည်။ လုပ်ငန်းစဉ်ကလည်း ကျိုး လွယ်ပျက်လွယ်အခြေအနေတွင်ရှိနေဆဲဖြစ်ကာ လအတန်ကြာ ဦးတည်ရာမဲ့ တိုးတက်မှုမရှိပဲ ငြိမ်သက်နေခဲ့ရပါသေးသည်။ အဘယ်ကြောင့်ဆိုသော် NCA လက်မှတ်ရေးထိုးပြီးသည့်နောက်တွင် ချက်ခြင်းဆိုသလိုရွေးကောက်ပွဲကာလရောက်လာခဲ့ပြီး အစိုးရသစ်မတက်မီကြားကာလကလည်း အတန်ကြာခဲ့သည်။ တချိန်တည်းမှာပင် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တွင် ပြင်းထန်သော တိုက်ပွဲများဖြစ်ပွားနေကာ ရခိုင်ပြည်နယ်တွင် ဆယ်စုနှစ်များစွာအတွင်း ပထမဆုံးအကြိမ်အဖြစ် အရေးပါသော လက်နက်ကိုင်ပဋိပက္ခပြန်လည်ထွက်ပေါ်လာသည်။

မူဝါဒလမ်းကြောင်းများ၊ ပါဝင်ပတ်သက်သူများနှင့် ညှိနှိုင်းတိုင်ပင်ခြင်းများနှင့် လက်တွေ့အကောင်အထည်ဖော်ခြင်းများအပါအဝင် ယခုပထမလများအတွင်း အစိုးရ၏ဆုံးဖြတ်ချက်များသည် နောက်ငါးနှစ်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပုံဖော်လိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ယခုကာလဆုံးဖြတ်ချက်များ မှန်ကန်ရေးသည် အသက်တမျှ အရေးကြီးလှသည်။

ကနဦးခြေလှမ်းမှားတစ်ချို့ရှိနေရာ အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်၏ ၂၁ ရာစုပင်လုံညီလာခံကျေညာချက်နှင့်ဆိုင်ပါသည်။ ထိုကျေညာချက်သည် လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များကို စိုးရိမ်မှုများထွက်ပေါ်စေသည် (အပေါ်တွင် ကြည့်ပါ) ။ NCA အရ ဖွဲ့စည်းထားသည့် နိုင်ငံရေးကော်မတီဖြစ်သော ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပရေးပူးတွဲကော်မတီ (UPDJC) ၏ မေလ ၂၆-၂၈ အစည်းအဝေးတွင် ဒေါ်အောင်ဆန်းစုကြည်သည် အဆိုပါစိုးရိမ်မှုများထဲမှ တချို့ကို လျော့ပါးသွားအောင်လုပ်

ဆောင်ရာ၌ တစ်စိတ်တစ်ပိုင်းအောင်မြင်မှုရခဲ့သည်။ သူ့အနေဖြင့် NCA ၏ မူဘောင်အတိုင်းဆက်သွားမှာဖြစ်ကြောင်း အတည်ပြုခဲ့ပြီး ၂၁ ရာစုပင်လုံဆိုသည်မှာလည်း NCA မူဘောင်တွင် မျှော်မှန်းထားခဲ့သော ငြိမ်းချမ်းရေးညီလာခံကို အမည်တစ်မျိုးပြောင်းထားခြင်းသာဖြစ်ကြောင်း ပြောကြားခဲ့သည်။ သို့သော်လည်း သူက ဆွေးနွေးမည့် နယ်ပယ်ကို သိသိသာသာချဲ့ပစ်မည် ဖြစ်ကြောင်း ညွှန်းဆိုခဲ့ရာ UPDJC တွင် ယခင်က သဘောတူထားခဲ့သော အဓိကအကြောင်းအရာနယ်ပယ် ငါးခုမှ နှစ်ခုအထိ လျှော့ချမည်ဟု ဆိုပါသည်။ ၎င်းတို့မှာ နိုင်ငံရေးကိစ္စရပ်များ (တိတိကျကျဆိုရသော် ဖက်ဒရယ်စနစ်နှင့် သက်ဆိုင်သောအခြေခံဥပဒေမေးခွန်း) နှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ (တပ်ရုပ်သိမ်းရေး၊ လက်နက်ဖျက်သိမ်းရေးနှင့် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေးများအပါအဝင်) ဖြစ်သည်။[43]

အခြားနယ်ပယ်သုံးခုကို အသစ်ဖြစ်သော "အရပ်ဖက်အဖွဲ့အစည်းများဖိုရမ်" တွင် ဆွေးနွေးရန် အဆင့်ချခဲ့ပြီး ထိုဖိုရမ်မှ ပင်မညီလာခံသို့ ဆုံးဖြတ်ချက်အတွက် တင်သွင်းစေရန် နည်းလမ်းဖြစ်သည်။ ထိုဆုံးဖြတ်ချက်ကို ပြန်လည်စဉ်းစားသင့်ပါသည်။ ပင်မညီလာခံတွင် အကြုံးမဝင်တော့သော နယ်ပယ်များမှာ လူမှုရေးနှင့်ဆိုင်သောကိစ္စရပ်များ (ယဉ်ကျေးမှု၊ ဘာသာစကား၊ ကျား/မ၊ ပြန်လည်နေရာချထားရေး၊ လူ့အခွင့်အရေး၊ မူးယစ်ဆေးဝါး အပါအဝင်) ၊ စီးပွားရေးနှင့်ဆိုင်သောကိစ္စရပ်များ (နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ အခွန်နှင့် ဝင်ငွေခွဲဝေရေး၊ ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအပါအဝင်) ၊ မြေယာနှင့် သယံဇာတနှင့်ဆိုင်သောကိစ္စရပ်များ (အရင်းအမြစ်စီမံခန့်ခွဲရေးနှင့် ဝင်ငွေကို မျှဝေရေး အပါအဝင်) တို့ဖြစ်သည်။[44] ထိုအထဲမှ အချို့မှာ တိုင်းရင်းသားအသိုင်းအဝိုင်းများနှင့် ၎င်းတို့၏ ခေါင်းဆောင်ပိုင်းအတွက် အဓိကျသော ကိစ္စရပ်များဖြစ်ကာ ယခုအခါ ၎င်းတို့ကို ဒုတိယတန်းစားအဖြစ်သာ စဉ်းစားနေပြီလားဟု စိုးရိမ်မှုများရှိပါသည်။ ဘာသာစကားမူဝါဒကဲ့သို့သော အချို့ကိစ္စရပ်များသည် အစိုးရအတွက် အခြားကိစ္စများထက်စာလျှင် ခွင့်ပြုချက်ပေးရသည်မှာ ပိုမိုလွယ်ကူသောကြောင့် ယင်းသို့ခွင့်ပြုမှုသည် စေစပ်ညှိနှိုင်းရေးတွင် ပို၍စိန်ခေါ်မှုရှိသော ခေါင်းစဉ်များကို ကိုင်တွယ်ရန် ယုံကြည်စိတ်ချရမှု တည်ဆောက်ပေးပါသည်။

အချို့တိုင်းရင်းသားခေါင်းဆောင်များကြားတွင် သံသယရှိနေသည်မှာ အခြေခံဥပဒေဆိုင်ရာကိစ္စရပ်ကို ဦးစားပေးထားခြင်းမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အရေးပေါ်မဖြစ်မနေသဘောထက်စာလျှင် ဒေါ်အောင်ဆန်းစုကြည်၏ ပိုမိုကျယ်ပြန့်သော ရည်မှန်းချက်ကို ထင်ဟပ်နေခြင်းလောဟူ၍ဖြစ်သည်။ ၂၀၁၅ ရွေးကောက်ပွဲတွင် ပြည်

[43] See "NCA to guide 21st Century Panglong Conference", *Global New Light of Myanmar*, 28 May 2016, pp. 1, 3.

[44] ယခင်သဘောတူခဲ့သော နယ်ပယ်ငါးခုကို "နိုင်ငံရေးဆွေးနွေးပွဲမူဘောင်" တွင် ဖော်ပြခဲ့ပြီး UPDJC က ၂၀၁၅ နိုဝင်ဘာ ၁၅ ရက်တွင် သဘောတူခဲ့သည်။ ယခု ၎င်းကို ပြင်ဆင်ရမည်ဖြစ်သည်။

ထောင်စုအဆင့်၌ အနိုင်မရသော ပါတီများကိုလည်း အရပ်ဖက်အဖွဲ့အစည်းဖိုရမ်သို့ သာတက်ရောက်စေရာ ဘော်လုံးပွဲတွင် တန်းဆင်းကန်ရသလိုဖြစ်ကာ ပင်မညီလာခံတွင် တိုင်းရင်းသားများ၏ နိုင်ငံရေးအရပါဝင်ခွင့်အတိုင်းအတာကို ကန့်သတ်လိုက်ခြင်း ဖြစ်သည်။ သို့သော် ၎င်းကို ပြန်လည်စဉ်းစားမည်ဆိုသော လက္ခဏာများ မကြာသေးမီက တွေ့ရပါသည်။[45]

အားလုံးပါဝင်သော ၂၁ ရာစုပင်လုံညီလာခံဖြစ်ရန်ပြောကြားခဲ့သော ဒေါ်အောင်ဆန်းစုကြည်၏ ရည်ရွယ်ချက်ကို အပေါင်းလက္ခဏာသဘောဖြင့် လက်ခံကြသည်။ ထိုအချက်မှာ NCA တွင် လက်မှတ်မထိုးသော လက်နက်ကိုင်အုပ်စုများက ကာလရှည်ကြာကပင် တောင်းဆိုသောအချက်ဖြစ်သည်။ ပထမခြေလှမ်းအနေဖြင့် ငြိမ်းချမ်းရေးအတွက် စေ့စပ်ညှိနှိုင်းရေးအကြီးအကဲသစ် ဒေါက်တာတင်မျိုးဝင်းသည် လက်မှတ်မထိုးသည့် အဖွဲ့များ၏ ပင်မအဖွဲ့အစည်းဖြစ်သည့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) နှင့် တွေ့ဆုံကာ ပြင်ဆင်ရေးအစည်းအဝေးများသို့ လက်မှတ်ရေးထိုးသည့် အဖွဲ့များနှင့်အတူ ပါဝင်တက်ရောက်ရန် ဖိတ်ကြားခဲ့ပါသည်။ ထို့နည်းတူ UNFC တွင်မပါဝင်သော လက်မှတ်မထိုးသည့် အဖွဲ့များကိုလည်း ဖိတ်ကြားခဲ့သည်။[46] သို့သော် ၂၁ ရာစုပင်လုံညီလာခံတက်ရောက်ရန် သတ်မှတ်ချက်တွင်မူ ယခင်အစိုးရသတ်မှတ်ချက်နှင့် ခြားနားသည့်ပုံမပေါ်ပေ။ တင်းပြည့်တက်ရောက်သူဖြစ်ရန် အဖွဲ့များအနေဖြင့် NCA ကို ပထမလက်မှတ်ရေးထိုးရန် လိုအပ်ပါသည်။ မဟုတ်ပါက ၎င်းတို့သည် လေ့လာသူအဆင့်အတန်းသာရပါလိမ့်မည်။ ထိုအချက်သည် ကာလကြာရှည်က တပ်မတော်၏ ရပ်တည်ချက်ကို ထင်ဟပ်ပါသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်းထိုအချက် ကို မေလ ၁၃ ရက်နေ့ သတင်းစာရှင်းလင်းပွဲတွင် ထပ်မံပြောကြားခဲ့သည်။[47] ယခင်အစိုးရကလည်း လက်မှတ်မထိုးသည့်အဖွဲ့များကို ဇန်နဝါရီလက ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ ဖိတ်ကြားခဲ့ရာ လေ့လာသူအဆင့်ဖြင့်သာ ဖိတ်ခဲ့ပြီး ၎င်းတို့ကမူ တက်ရောက်ခြင်းမရှိခဲ့ပေ။ ယခုအခါတွင်မူ အချို့က NCA လက်မှတ်ထိုးရန် စဉ်းစားကောင်းစဉ်းစားလာနိုင်သော်လည်း၊ အချို့ကလည်း

[45] Crisis Group က တိုင်းရင်းသားနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ရန်ကုန်၊ ၂၀၁၆ ဇွန်လ။

[46] ဒေါက်တာတင်မျိုးဝင်းသည် ဒေါ်အောင်ဆန်းစုကြည်၏ ပုဂ္ဂိုလ်ရေးဆရာဝန်ဖြစ်ကာ သူနေအိမ်အကျယ်ချုပ်ကျစဉ်က ပုံမှန်တွေ့ဆုံခွင့်ရသူ လူအနည်းငယ်တွင်ပါဝင်သည်။ သူသည် နိုင်ငံရေးနှင့် ပုဂ္ဂိုလ်ရေးကိစ္စများကို ပြင်ပကမ္ဘာနှင့်ကြားတွင် လျှို့ဝှက်ရသော အရေးကြီးသည့် ကိစ္စများကို ကြားမှဆောင်ရွက်ပေးရသူဖြစ်သည်။ "Govt invites non-signatories of NCA to join political dialogue framework meeting", *Global New Light of Myanmar*", 4 June 2016, p. 1; "Wa and Mongla armed groups to attend 'pre-Panglong' peace meeting", *The Irrawaddy*, 20 June 2016.

[47] "တပ်မတော်၏ ရပ်တည်ချက်နှင့် လုပ်ဆောင်မှုများကို ထင်ဟပ်သည့် ပြည်တွင်းမီဒီယာများနှင့်ဆွေ့ဆုံပွဲမှ ကောက်နုတ်ချက်"၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၊ နေပြည်တော်၊ ၂၀၁၆ မေလ ၁၆ ရက် (သူ၏ တရားဝင် Facebook စာမျက်နှာbit.ly/28Sz15L) ။ "အစိုးရငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့က တိုင်းရင်းသားအဖွဲ့များကို လက်နက်ချရန်တောင်းဆို", *The Irrawaddy*, 21 June 2016.

လေ့လာသူအဖြစ်သာ တက်ရောက်ရန် သဘောတူနိုင်ပါသည်။ သို့သော် အခြေအနေ သတ်မှတ်ချက်များ သတ်မှတ်လာနိုင်ပါသည်။

ယခင်က ချန်ထားခဲ့သော လက်နက်ကိုင်အဖွဲ့ သုံးဖွဲ့ (ကိုးကန့်မှ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ် - MNDAA ၊ တအောင်းအမျိုးသားလွတ်မြောက်ရေးတပ် - TN LA နှင့် AA) အတွက်မူ ၂၁ ရာစုပင်လုံညီလာခံတွင် ပါဝင်လာနိုင်သည့် ဖြစ်နိုင်ခြေမှာ ရှင်းရှင်းလင်းလင်းမရှိသေးပေ။[48] ၂၁ ရာစုပင်လုံညီလာခံသို့ မည်သူတွေ တက်ရောက်နိုင်မလဲ ဆိုသည်နှင့် မည်သို့သော အခြေအနေသတ်မှတ်မျိုးဖြင့်တက်ရောက်နိုင်မည်ဆိုသည့် ကိစ္စများနှင့်ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်မတော်ကြားတွင် အငြင်းပွားဖွယ်ဖြစ်လာနိုင်သည့် အလားအလာရှိကာ လုပ်ငန်းစဉ်ကို ကြီးစွာရှုတ်ထွေးမှုဖြစ်နိုင်ပါသည်။

အစိုးရနှင့် NCA တွင် လက်မှတ်ရေးထိုးထားသည့် အဖွဲ့များက ၂၁ ရာစုပင်လုံညီလာခံကို ဩဂုတ်လ ၃၁ ရက် မတိုင်မီ ကျင်းပရန် သဘောတူထားသော်လည်း ၎င်းမှာ ရည်မှန်းချက်ကြီးလွန်းလှသည်ဟု ဆိုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ကြိုးပမ်းအားထုတ်မှုများ ခက်ခဲမှုရှိပြီး လက်နက်ကိုင်အဖွဲ့များစွာ ပါဝင်ပတ်သက်လျက် ရှိခြင်းကြောင့်ဖြစ်သည်။[49] လိုအပ်သော တိုင်ပင်ညှိနှိုင်းမှုများပြုလုပ်ခြင်းမရှိပဲ၊ ယုံကြည်မှုတည်ဆောက်ခြင်းမပြုလုပ်ပဲ ညီလာခံကို ရှေ့သို့တွန်း၍ လုပ်ဆောင်ပါက အန္တရာယ်ကြီးလှသည်ဟုဆိုရမည်။

## B. *ရခိုင်ပြည်နယ်နှင့် ဗုဒ္ဓဘာသာ အမျိုးသားရေးဝါဒ*

ရခိုင်ပြည်နယ်မှ အခြေအနေသည် တည်ငြိမ်မှုမရှိသေးပဲ ရုတ်တရက်အမျိုးမျိုး ပြောင်းလဲသွားနိုင်သည့် အခြေအနေတွင်ရှိသည်။ ANP ကို ဘေးသို့ဖယ်ထားသည်ဟု နားလည်လာခြင်း၏ ရလဒ်အဖြစ် နိုင်ငံရေးသည် ကွဲပြားမှုကို ပို၍ဖြစ်လာစေသည်။ ANP သည် ဘေးဖယ်ခံရသည်ဟု ခံစားလာရခြင်းကြောင့် ပါတီကို ပို၍အစွန်းရောက်သော ရပ်တည်ချက်ကို ကျင့်သုံးစေကာ NLD ဦးဆောင်သော ရခိုင်ပြည်နယ်အစိုးရနှင့် အတိုက်အခံလုပ်ရန် သို့မဟုတ် ထိပ်တိုက်ရင်ဆိုင်ရန် တွန်းပို့ပါသည်။ ၎င်းသည် အစွန်းရောက်ဗုဒ္ဓဘာသာအမျိုးသားရေးဝါဒီများ၏ လအတန်ကြာငြိမ်နေပြီးနောက် တစ်ပြည်လုံးအတိုင်းအတာဖြင့် တိုးတက်လှုပ်ရှားလာမှုနှင့် တိုက်ဆိုင်နေပါသည်။ မဲဆွယ်စည်း

48 တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံတွင် အများပြည်သူများ၏ မှတ်ချက်များနှင့် ဆွေးနွေးပွဲများနှင့် နီးစပ်သူများ၏ အဆိုအရ ထိုအဖွဲ့များလက်နက်အပ်ရန် လိုအပ်ချက်နှင့် ပတ်သက်၍ အခြားငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အသုံးပြုသော ဖော်မြူလာအရ အသုံးမပြုနိုင်အောင် စစ်ဆေးသောနည်းကို ဆွေးနွေးနေသည်ဟုဆိုသည်။ သို့သော် ၎င်းတို့က ဤအဆင့်တွင် လက်ခံရန်များစွာ မဖြစ်နိုင်သေးပေ။

49 "Gov't, NCA signatories agree to hold UPC no later than 31 August", *Global New Light of Myanmar*, 29 June 2016, p. 1, 4.

ရုံးရေးကာလကလည်း ပါတီ၏ နိုင်ငံရေးရည်မှန်းချက်များအတွက် ဗုဒ္ဓဘာသာအမျိုးသားရေးဝါဒီများ၏ ပြောကြားမှုများကိုသာ ထပ်တလဲလဲအသုံးပြုခဲ့သော်လည်း ဗုဒ္ဓဘာသာအမျိုးသားရေးပလက်ဖောင်းကို ရပ်တည်အသုံးပြုခဲ့သော ပါတီများနှင့် ကိုယ်စားလှယ်လောင်းများသည် တစ်နေရာမျှ အနိုင်မရရှိခဲ့ပေ သို့မဟုတ် အရေးပါသော မဲအရေအတွက်မရရှိခဲ့ခြင်းများ ရှိခဲ့သည်။[50] အစိုးရသစ်တက်လာသည့်အခါ အမျိုးသားရေးဝါဒီများသည် ပြန်လည်သွေးတိုးစမ်းလာခဲ့သော်လည်း ယခင်အစိုးရဟောင်းလက်ထက်ကကဲ့သို့ မျက်နှာသာမရပဲ အစိုးရသစ်ဖက်မှ အတိုက်အခံပြုမှုကို စတင်ကြုံတွေ့ရသည်။

ရခိုင်ပြည်နယ်တွင် ထိုသို့သော သွေးတိုးစမ်းမှုမျိုးကို စစ်တွေမြို့တွင်း၌ မွတ်ဆလင်ဘာသာဝင်များနေထိုင်ရာ နောက်ဆုံးရပ်ကွက်ဖြစ်သည့် အောင်မင်္ဂလာရပ်ကွက်အပြင်ဖက်တွင် ရခိုင်အမျိုးသားရေးဝါဒီများက ဆန္ဒပြခြင်း ပုံစံမျိုးဖြင့်တွေ့ရသည်။ ဆန္ဒပြသူများသည် အောင်မင်္ဂလာရပ်ကွက်တွင်နေထိုင်ကြသူများ၏ လူဦးရေစာရင်းကောက်ရန်တောင်းဆိုခဲ့ကြရာတွင် လူဦးရေသုံးဆခန့်ဖြစ်နေနိုင်သည်ဟူသော သဘာဝမကျသည့်တောင်းဆိုမှုများပါဝင်သည်။ အောင်မင်္ဂလာရပ်ကွက်တွင် နေထိုင်ကြသူများသည် ဖြစ်လာနိုင်သော တိုက်ခိုက်မှုများအတွက် စိုးရိမ်ပူပန်ခဲ့ကြသည်။ အခြေအနေကို ပိုမိုဆိုးရွား မလာစေရန်အတွက် ဝန်ကြီးချုပ်သည် တောင်းဆိုချက်ကို သဘောတူကာ မေလ ၂၂ ရက်နေ့တွင် လူဝင်မှုကြီးကြပ်ရေးဌာနမှ တာဝန်ရှိသူများသည် နှစ်ဖက်အသိုင်းအဝိုင်းမှ စောင့်ကြည့်လေ့လာသူများနှင့်အတူ စာရင်းကောက်ယူမှုလုပ်ဆောင်ခဲ့ရာ လူဦးရေမှာ ပြောင်းလဲမှုမရှိကြောင်း ပြခဲ့သည်။[51] သို့သော်လည်း အောင်မင်္ဂလာလူဦးရေကို စီစစ်ရန်တောင်းဆိုမှုသည် ဘာသာရေးအရခွဲခြားလိုမှုနှင့် မြို့အတွင်းမှ မူဆလင်များအား ရွှေ့ပြောင်းစေရန်တို့နှင့်ပတ်သက်ပြီး ၎င်းတို့၏ အရေးဆိုနေမှုများ၏ ကျယ်ပြန့်သော နိုင်ငံရေးရည်မှန်းချက်များနှင့် ဆက်စပ်နေပါသည်။ ထို့အပြင် ရခိုင်အမျိုးသားရေးဝါဒီများအနေဖြင့် ပြည်နယ်အစိုးရသစ်၏ အာဏာနှင့် ဖြေရှင်းပုံကို စမ်းသပ်လိုခြင်းလည်း ဖြစ်ပုံရပါသည်။

တစ်နိုင်ငံလုံးအဆင့်အနေဖြင့် အစိုးရသစ်အပေါ် အရေးပါသော စမ်းသပ်မှုအနေဖြင့် အစောပိုင်းကထုတ်ပြန်သော အမေရိကန်သံရုံး၏ ကျေညာချက်တွင် "ရိုဟင်ဂျာ" ဟု သုံးနှုန်းထားခြင်းအတွက် ဧပြီလ ၂၈ ရက်နေ့က အမေရိကန်သံရုံးရှေ့၌ ခွင့်ပြုချက်မရှိပဲ ဆန္ဒပြခြင်းဖြစ်သည်။ ထို့ကြောင့်ပင် နိုင်ငံခြားရေးဝန်ကြီးဌာနက သံရုံးသို့ ထိုစကားလုံးအား အသုံးမပြုရန် တောင်းဆိုမှုပြုလုပ်ပေးခဲ့ရသည်။ ထို့နောက်တွင် ဒေါ်

50 See Crisis Group Briefing, *The Myanmar Elections*, op. cit.
51 Crisis Group က အစိုးရ၊ ANP ကိုယ်စားလှယ်များ၊ အောင်မင်္ဂလာခေါင်းဆောင်များနှင့် ဆွေးဆုံမေးမြန်းခြင်းများ၊ စစ်တွေ၊ ၂၀၁၆ မေလ။

အောင်ဆန်းစုကြည်သည် အစိုးရတာဝန်ရှိသူများအား "ရိုဟင်ဂျာ" ဆိုသည့် စကားလုံးရော "ဘင်္ဂါလီ" ဆိုသည့် စကားလုံးကိုပါမသုံးကြရန် ညွှန်ကြားချက် ထုတ်ပြန်ခဲ့ကာ "ခံစားချက်ပြင်းထန်စေသောစကားရပ်များ" ကို တမင်ရှောင်ကြရန်အလည်အပတ်ရောက်နေသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ဆွေးနွေးခဲ့ပါသည်။[52]

ဒေါ်အောင်ဆန်းစုကြည်က အလျဉ်းသင့်သလိုပြောကြားခဲ့သည်မှာ သူ့အနေဖြင့် ရခိုင်ပြည်နယ်၏ အခြေအနေကို တိုင်းပြည်တွင် ကြုံတွေ့နေရသော အကြီးဆုံး သို့မဟုတ် အခက်ခဲဆုံးအခြေအနေတစ်ခုအဖြစ် မစဉ်းစားကြောင်းနှင့် သူ့အနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အထူးသဖြင့် မြန်မာနိုင်ငံမှ ကုလသမဂ္ဂအေဂျင်စီများအား ထိုကိစ္စကို ချဲ့ကားခြင်းမပြုကြရန် တိုက်တွန်းခဲ့သည်။[53] သို့သော်နိုင်ငံအဝှမ်းရှိ အမျိုးသားရေးအုပ်စုများက "ရိုဟင်ဂျာကိစ္စ" ကို အာရုံပြုလာခြင်းကြောင့် ဒေါ်အောင်ဆန်းစုကြည်သည် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသော နိုင်ငံရေးကိစ္စရပ်များအပေါ် ရပ်တည်ချက်ပြောင်းလာရသည်။ မေလ ၃၁ ရက်နေ့က "ရခိုင်ပြည်နယ် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ" ကို ဖွဲ့စည်းခဲ့ရာ သူက ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ရာ ထိုကိစ္စရပ်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်အတူ သူ၏ထိပ်တန်းဦးစားပေးဖြစ်ကြောင်း အချက်ပေးလိုက်ခြင်းပင်ဖြစ်သည်။ ထိုကော်မတီတွင် ဝန်ကြီးအဖွဲ့ဝင်အားလုံးအပြင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အတွင်းရေးမှူးလည်းပါဝင်သည်။ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အကူအညီပေးရေးအေဂျင်စီတို့ဖြင့် ဆက်ဆံရေးတို့နှင့်ပတ်သက်သည့် ဆပ်ကော်မတီများကိုလည်း ဖွဲ့စည်းခဲ့သည်။[54]

ထိုလုပ်ဆောင်ချက်သည် ရခိုင်ပြည်နယ်မူဝါဒရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း၏ ဗဟိုချက်သည် ရခိုင်ပြည်နယ်မှ နေပြည်တော်သို့ ပြောင်းသွားပြီဖြစ်ကြောင်း အချက်ပေးလိုက်ခြင်းဖြစ်သည်။ ANP ကလည်း ကော်မတီတွင် ၎င်းတို့မပါဝင်ရခြင်းကြောင့်အပါအဝင် သဘောမတူကြောင်းပြသခဲ့သည်။ ထိုကဲ့သို့ကော်မတီတွင် အသိုင်းအဝိုင်းနှစ်ခုမှ ကိုယ်စားပြုမှု မရှိခြင်းသည် စိန်ခေါ်မှုများကို ပေးလာနိုင်သော်လည်း အ

[52] Facebook တွင် မြန်မာဘာသာပြန်၍ တင်ခဲ့သော သံရုံး၏ ကျေညာချက်တွင် မတော်တဆလေ့မှောက်ရာတွင်ပါဝင်သော ပြည်တွင်းမှ အိုးအိမ်မဲ့ မူဆလင်များကို ဝမ်းနည်းကြောင်းဖော်ပြခဲ့ရာ အစပိုင်းတွင် ရိုဟင်ဂျာများဟုထင်ခဲ့သော်လည်း နောက်ပိုင်းတွင် အများစုမှာ ကမန်မူဆလင်များဖြစ်ကြောင်းတွေ့ရသည်။ "ရိုဟင်ဂျာလှေမှပါဝင်သူများသည် ရိုဟင်ဂျာများမဟုတ်" *Myanmar Times*၊ ၂၀၁၆ မေလ။ "Joint press availability with Burmese Foreign Minister Daw Aung San Suu Kyi", U.S. State Department, 22 May 2016.

[53] ဤသည်မှာ ၂၀၁၆ မေလ ၁၁ ရက်နေ့က ကုလအေဂျင်စီများနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများနှင့် တွေ့ဆုံစဉ် သူ၏ ရပ်တည်ချက်ဖြစ်သည်။ Crisis Group သည် တွေ့ဆုံရာတွင်ပါဝင်ခဲ့သူများနှင့် မေးမြန်းခဲ့သည်။ ရန်ကုန်၊ ၂၀၁၆ မေလ။ See also "Myanmar's Suu Kyi says don't 'exaggerate' Rohingya plight", Agence France-Presse,

[54] 5 November 2015; "UN agencies cautioned on Rakhine", *Myanmar Times*, 13 May 2016.

စွန်းနှစ်ဖက်ရောက်အောင် ကွဲပြားနေသော နိုင်ငံရေးတွင် ထိုသို့သော စိန်ခေါ်မှုများက တော့ ရှောင်နိုင်လိမ့်မည်မဟုတ်ပေ။

ရခိုင်ကော်မတီပထမဆုံးအာရုံပြုသောကိစ္စရပ်မှာ ပြည်နယ်အတွင်းမှ မူဆလင်များကို နိုင်ငံသားစီစစ်ခြင်းပင်ဖြစ်သည်။ ထိုကိစ္စသည် ကိုင်တွယ်ရန်အခက်ခဲဆုံးနှင့်အငြင်းပွားဖွယ်ကိစ္စရပ်များတွင် တစ်ခုပါဝင်ပါသည်။ ပထမခြေလှမ်းများတွင် နေထိုင်နေကြသည့် မူဆလင်ဘာသာဝင်များ၏ ယာယီစီစစ်ထားသောမှတ်တမ်းကို ဖော်ထုတ်ခြင်းနှင့် "ရိုဟင်ဂျာ" နှင့် "ဘင်္ဂါလီ" စကားရပ်နှစ်ခုကြား နှစ်ဖက်လက်ခံနိုင်မည့် စကားရပ်ရှာဖွေခြင်းများပါဝင်ရာ နှစ်ဖက်စလုံးမှ ကန့်ကွက်မှုများထွက်ပေါ်လာပါသည်။ တိတိပပဆိုရသော်၊ အစိုးရက အသုံးပြုစေလိုသော စကားရပ်ဖြစ်သည့် "ရခိုင်ပြည်နယ်မှ မူဆလင်အသိုင်းအဝိုင်း" ဆိုသည့်အပေါ် ၎င်းသည် အမည်ပေးစနစ်ကို ညှိနှိုင်းကြရာတွင် ပိုမိုခက်ခဲလာစေနိုင်သောကြောင့်ဟုဆိုကာ ရခိုင်အမျိုးသားရေးသမားများက ပြင်းထန်စွာ တုန့်ပြန်ခဲ့ပါသည်။[55] ရခိုင်ပြည်နယ်မှ ရှုတ်ထွေးသော အခြေအနေကို ကိုင်တွယ်ရာတွင် အောင်မြင်မှုမှာ ဗုဒ္ဓဘာသာနှင့် မူဆလင်အသိုင်းအဝိုင်းနှစ်ခုစလုံးက အစိုးရကို နက်နက်ရှိုင်းရှိုင်းမယုံကြည်မှုအပါအဝင် စိတ်တွင်ခံစားနေရခြင်းများအား ကောင်းစွာနားလည်နိုင်ရန် လိုအပ်သည်။ ထို့အပြင် အောင်မြင်မှုရရှိရန် နှစ်ဖက်အသိုင်းအဝိုင်းမှ သဘောထားတင်းမာသူများထံမှ မူဝါဒ သို့မဟုတ် အပြောင်းအလဲကို လက်ခံလာမှု (သို့မဟုတ် အနည်းဆုံးအားဖြင့် အတိုက်အခံပြုမှုကို လျော့ချလာမှု) ကို ရရှိအောင် ကျယ်ကျယ်ပြန့်ပြန့်ညှိနှိုင်းတိုင်ပင်လိုသော ဆန္ဒပြင်းပြရန်လည်းလိုအပ်ပါသည်။

မူဆလင်ဆန့်ကျင်ရေးစိတ်ဓါတ်များနှင့်ပတ်သက်၍ ပိုမိုကျယ်ပြန့်သော မေးခွန်းအပေါ်ဆိုရလျှင် ဒေါ်အောင်ဆန်းစုကြည်သည် မေလ ၁၄ ရက်နေ့က သံဃာ့စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဖြစ်သည့် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့မှ ဥက္ကဋ္ဌဆရာတော်နှင့် တွေ့ဆုံခဲ့ပါသည်။ ထိုသို့တွေ့ဆုံစဉ် သူက "အမျိုးမျိုးသောလူမျိုးများနှင့် ကိုးကွယ်ယုံကြည်မှုရှိကြသော ပြည်သူများ၏ ကြောင်းကျိုးဆီလျော်သော ဆန္ဒများနှင့် ရည်မှန်းချက်များ" ကို အစိုးရက ဖြည့်ဆီးပေးရန် ကတိပြုခဲ့သည်။ ထို့အပြင် "တိုင်းပြည်တွင်နေထိုင်ကြသည့် မတူသော တိုင်းရင်းသားအုပ်စုများနှင့် ယုံကြည်ကိုးကွယ်မှုအုပ်စုများကြားတွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေးကို သေချာစေရန် ယုံကြည်မှုနှင့် နားလည်မှုကို တည်ဆောက်ရန် လိုအပ်ပုံကို မီးမောင်းထိုးပြ" ခဲ့သည်။[56]

အကောင်အထည်ဖော်မှုအတွက် စိန်ခေါ်မှုများအနေဖြင့် အစိုးရသစ်လက်ထက်တွင် ပထမဆုံးအကြိမ်အဖြစ် မူဆလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုဖြစ်ပွားခဲ့ခြင်းက

[55] "'Green cards' distributed to stateless Muslims", *Myanmar Times*, 16 June 2016; "Arakanese and Rohingya criticize new government term for Muslims", *The Irrawaddy*, 21 June 2016. "Anti-Rohingya nationalist group plans posters, protests", *The Irrawaddy*, 27 June 2016.
[56] "Daw Suu speaks on unity", *Global New Light of Myanmar*, 15 May 2016, p. 1.

သရုပ်ဖော်ပြလိုက်သလိုဖြစ်သည်။ ဖြစ်ရပ်မှာ ဇွန်လ ၂၃ ရက်နေ့က ပဲခူးတိုင်းဒေသကြီးတွင် မူဆလင်ဆိုင်တစ်ခုကို တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ နောက်ထပ်အနီးရှိ ဗလီနှင့် မူဆလင်ဘာသာရေးကျောင်းကိုပါ ဖျက်ဆီးခဲ့သည်။ သို့သော်လည်း အကောင်အထည်ဖော်ခြင်းဆိုသည်မှာ မျှော်မှန်းချက်များကို လက်တွေ့လုပ်ဆောင်မှုအဖြစ် အသွင်ပြောင်းပေးရခြင်းဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် ရင်းနှီးသည့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက ဗုဒ္ဓဘာသာအမျိုးသားရေးအသင်းဖြစ်သည့် "အမျိုး၊ ဘာသာ၊ သာသနာကာကွယ်စောင့်ရှောက်ရေးအသင်း" (မဘသ) ကို လူသိရှင်ကြားဝေဖန်ခဲ့သည်။ ဝန်ကြီးချုပ်ကို အစိုးရကသာမကပဲ သံဃာ့နာယကအဖွဲ့ကပါ ကျောထောက်နောက်ခံပြုပေးသည်ဆိုသည်ကို ရှင်းလင်းစွာ သိရှိသွားပြီးနောက် မဘသသည် ဝန်ကြီးချုပ်အား ဆန္ဒပြရန်အစီအစဉ်ကို ပြန်လည်ရုတ်သိမ်းသွားခဲ့သည်။ သံဃာ့နာယကအဖွဲ့က ကျေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ရာ မဘသအဖွဲ့သည် တရားဝင်ဗုဒ္ဓဘာသာသံဃာ့အသင်းအဖွဲ့မဟုတ်ကြောင်းဖော်ပြပြီး နိုင်ငံပိုင်မီဒီယာတွင် ထည့်သွင်းဖော်ပြခဲ့သည်။ ထိုနည်းတူစွာပင် မဘသ၏ ထင်ရှားသော ဘုန်းတော်ကြီးဖြစ်သည့် ဦးဝီရသူသည်လည်း ၂၀၁၅ ခုနှစ်က ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မြန်မာနိုင်ငံအတွက် အထူးစုံစမ်းရေးကိုယ်စားလှယ်အပေါ် ထိခိုက်နစ်နာအောင် မှတ်ချက်ပေးမှုကြောင့် တရားစွဲခံရနိုင်သည့် အလားအလာကို ကြုံတွေ့နေရသည်။[57] ထိုအဖြစ်အပျက်များမှာ ယခင်အစိုးရလက်ထက်က စိတ်ကူးရန်ပင် ခက်ခဲသော တိုးတက်လာမှုများဖြစ်သည်။

### C. *တရုတ်နိုင်ငံနှင့် ဆက်ဆံရေးကို ပြန်လည်ချိန်ညှိခြင်း*

အသွင်ကူးပြောင်းရေးကာလ ဆက်လက်ဖြစ်ပေါ်နေသည့်အလျောက် အစိုးရသည် နိုင်ငံတကာနှင့် နိုင်ငံရေးအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း ဆက်ဆံရေးကို ပြန်လည်ပုံသွင်းရန်နှင့် ပြန်လည်ချိန်ညှိရန် လုပ်ငန်းတာဝန်ကို ကြုံတွေ့ရမည်ဖြစ်သည်။ အကြီးမားဆုံးခြိမ်းခြောက်နေသည့်စိန်ခေါ်မှုမှာ တရုတ်နိုင်ငံနှင့် ဆက်ဆံရေးကို မည်သို့ပြန်လည်ထုဆစ်မလဲ ဆိုသည့်ကိစ္စဖြစ်သည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ လောလောဆယ် အကြီးဆုံးကုန်သွယ်ဖက်ဖြစ်ပြီး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ အဓိကရင်းမြစ်ဖြစ်သည်။

[57] "Residents flee, police move in after mob violence targets Muslims in Bago village", *Myanmar Times*, 27 June 2016. "Only one Sangha organization exists: SSMNC", *Global New Light of Myanmar*, 13 July 2016, p. 1. See also, "Wirathu faces possible court case as fortunes turn for MaBaTha", *Frontier Myanmar*, 14 July 2016.

ဧပြီလ ၅-၆ ရက်များက တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ရီ မြန်မာနိုင်ငံသို့ နှစ်ရက်တာလာရောက်ခဲ့ရာ ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံခြားရေးဝန်ကြီးအနေဖြင့် ပထမဆုံးတရားဝင်အိမ်ရှင်အဖြစ် လက်ခံတွေ့ဆုံခဲ့ခြင်းက တရုတ်နှင့်ဆက်ဆံရေး၏ အရေးပါပုံကို ပြသခဲ့သည်။ တရုတ်သည် ဒေါ်အောင်ဆန်းစုကြည်အားတွေ့ဆုံသည့် ပထမဆုံးနိုင်ငံခြားမှ အဆင့်မြင့်ပုဂ္ဂိုလ်တစ်ဦးဖြစ်ရေးကို သေချာစေရန် ပြင်းပြင်းထန်ထန်တွန်းအားပေးခဲ့ရသည်။[58] မည်သို့ဆိုစေ ခရီးစဉ်မှာ မှတ်တမ်းတစ်ခုရေးထိုးနိုင်ခဲ့သော်လည်း အဓိကကျသောရလဒ်များ ထုတ်ပြန်နိုင်ခဲ့ခြင်းမရှိပေ။ ယခင်သမ္မတဦးသိန်းစိန်လက်ထက်က ရပ်ဆိုင်းထားခဲ့သော အငြင်းပွားဖွယ်မြစ်ဆုံစီမံကိန်းအပါအဝင်ကိစ္စများတွင် ရေရေရာရာရလဒ်မထွက်ခဲ့ပဲ ဒေါ်အောင်ဆန်းစုကြည်ကလည်း ထိုကိစ္စကို အသေးစိတ်လေ့လာမှုများမပြုလုပ်ရသေးကြောင်းဆိုပါသည်။[59] ဒေါ်အောင်ဆန်းစုကြည်သည် စက်တင်ဘာလတွင် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ဖွယ်ရှိရာ ဘဲဂျင်းအနေဖြင့် ယခင်ကတည်းက သူနှင့် အနောက်တို့၏ နီးကပ်သောဆက်ဆံရေးအတွက် စိုးရိမ်မှုရှိခဲ့ပြီးဖြစ်ရာ အနီးကပ်စောင့်ကြည့်မည်ဆိုသည်မှာ သံသယဖြစ်ဖွယ်မရှိပေ။ ထိုခရီးစဉ်မှာ ပြီးခဲ့သည့်ဖွန်လက ထိုင်းနိုင်ငံခရီးစဉ်အပြီး ဒုတိယအကြိမ်မြောက် အဓိကကျသော နိုင်ငံခြားခရီးစဉ်ဖြစ်ရာ ထိုခရီးစဉ်မတိုင်မီ တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ်နိုင်ဖွယ်ရှိမလားဆိုသည်ကိုလည်း ဘဲဂျင်းကစောင့်ကြည့်ဖွယ်ရှိပါသည်။ သူ၏ တရုတ်နိုင်ငံသို့ နောက်ဆုံးခရီးစဉ်မှာ ၂၀၁၅ ဖွန်လကဖြစ်ပြီး ထိုစဉ်က NLD ခေါင်းဆောင်တစ်ဦးအနေဖြင့် ဖြစ်သည်။

တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံအတွင်းလုပ်ဆောင်နေသည့် အရေးကြီးသော ပရောဂျက်များမှ တစ်ခုဖြစ်သည့် မြစ်ဆုံရေလှောင်တမံစီမံကိန်းဆောက်လုပ်ရေးကို ဦးသိန်းစိန်က ၂၀၁၁ ခုနှစ်တွင် ရပ်ဆိုင်းခဲ့ရာ ဘဲဂျင်းကို တုန်လှုပ်သွားစေခဲ့ပြီး မြန်မာနိုင်ငံနှင့် အနောက်အကြား အသေအချာအစီအစဉ်ရေးဆွဲလုပ်ဆောင်လာသော ပြန်လည်ဆက်ဆံရေးကို အလေးပေးကြည့်ရှုလာပါသည်။ သို့တိုင်အောင် တရုတ်နိုင်ငံသည် မြစ်ဆုံပြန်လည်စတင်နိုင်ရန် စိတ်အားထက်သန်ဆဲဖြစ်ပြီး အဆိုပါပရောဂျက်အပေါ် အများပြည်သူက အန္တရာယ်လက္ခဏာဆောင်သော အမြင်ရှိနေသောကြောင့် ပြန်စရန်မဖြစ်နိုင်ကြောင်းကိုလည်း ၎င်းကနားလည်သည်။ မည်သို့ဆိုစေ ၎င်းအနေဖြင့် အခြားအဓိကျသော ပရောဂျက်များကို ကာကွယ်ရန်စိတ်အားထက်သန်နေသည်။ တိတိပပဆိုရလျှင် အိန္ဒိယသမုဒ္ဒရာရှိ ကျောက်ဖြူမှ ကြီးမားသည့် ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေးကို ကာကွယ်ထားလိုပြီး မြစ်ဆုံပယ်ဖျက်မှုမှ

58 Crisis Group က အနောက်နှင့် အာရှမှ သံတမန်များနှင့် တွေ့ဆုံမေးမြန်း၊ ရန်ကုန်၊ ၂၀၁၆ ဧပြီလ-မေလ။
59 "China pledges support for new Myanmar government", *Myanmar Times*, 6 April 2016.

အစားထိုး၍ ဘာများရမလဲဆိုသည်ကိုလည်း မျှော်လင့်ပုံရသည်။[60] တရုတ်နိုင်ငံသည် နယ်စပ်တွင်ရှိသော လက်နက်ကိုင်အုပ်စုများအပေါ်ရှိနေသော ဩဇာကြီးမားမှုကို အသုံးပြု၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်တွင် ၎င်း၏ ဗီတိုအာဏာရှိပုံကို ပြသရန်နှင့် လုပ်ငန်းစဉ်တွင် အခြားနိုင်ငံများ၏ ပါဝင်ပတ်သက်မှုအတွက် စိုးရိမ်ရမှုများကို ပြသရန်ဖြစ်သည်။[61] အဆိုပါကိစ္စရပ်များကို အဖြေရှာရန်အတွက် ပရောဂျက်တစ်ခုချင်း အလိုက် အာမခံချက်ပေးခြင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ၎င်း၏ စိုးရိမ်မှုများကို ဖယ်ရှားအာမခံရေးများထက်ပိုသော လုပ်ဆောင်ချက်များ လိုအပ်သည်။ ကျယ်ပြန့်ပြီး နှစ်ဦးနှစ်ဖက်လက်ခံနိုင်သော နှစ်နိုင်ငံဆက်ဆံရေးမျှော်မှန်းချက်ကို ရေးဆွဲရန်လိုသည်။

ထူးထူးခြားခြားသိမ်မွေ့သော လက္ခဏာတစ်ခုအနေဖြင့် မြန်မာနိုင်ငံနှင့် အနောက်အကြား စစ်တပ်ချင်းပူးပေါင်းဆောင်ရွက်မှုတိုးတက်လာနေခြင်းဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့ရန် လုပ်ဆောင်နေချိန်မျိုးတွင် ၎င်းမှာ အရေးပါသော အကျိုးစီးပွားတစ်စုံတစ်ရာ ဖြစ်စေသည်။ အထူးသဖြင့် အနောက်တိုင်းမှ စစ်တပ်များသည် ဆက်ဆံရေးတိုးတက်ရန် သင့်လျော်သော နည်းလမ်းကို ရှာဖွေနေကြခြင်းမှာအလွန်အရေးကြီးသည်။ ပထမဆုံးအနေဖြင့်တပ်မတော်သည် အရေးပါသောအာဏာကို စွန့်လွှတ်ရန်ဆုံးဖြတ်ခြင်းမှနေ၍ အဖွဲ့အစည်းနှင့်ဆိုင်သော ရနိုင်သည့်အကျိုးအမြတ်များကို ရှုမြင်သည့်အတွက်ကြောင့် အသွင်ကူးပြောင်းရေး ဆက်လက်ဖြစ်ပေါ်နေရန်မှာ လိုအပ်လှပါသည်။ အပြောင်းအလဲအတွက် စေ့ဆော်ချက်မှာ တပ်မတော်က မြန်မာနိုင်ငံကို အနောက်နှင့် အထူးသဖြင့် အမေရိကန်နှင့် မဟာဗျူဟာကျသော ဆက်ဆံရေးတည်ဆောက်လိုခြင်းဖြစ်ပြီး အရည်အသွေးမြင့်သော လေ့ကျင့်သင်ကြားမှုများကို လက်လှမ်းမီလိုခြင်းဖြစ်သည်။ ဒုတိယအချက်အနေဖြင့် မျိုးဆက်သစ်အရာရှိများကို ဒီမိုကရက်တစ်တိုင်းပြည်များမှ ၎င်းတို့နှင့် ရွယ်တူအရာရှိများဖြင့် ထိတွေ့ခြင်းဖြင့် လူရာဝင်လာခြင်းသည် မိမိ၏ အဖွဲ့အစည်းကို ပြုပြင်ပြောင်းလဲရာတွင် အရေးပါသော အထောက်အကူပြုမှုကို ဖြစ်စေသည်။ မြန်မာ့တပ်မတော်သည် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်နေရဆဲဖြစ်ကာ လူ့အခွင့်အရေးမှတ်တမ်းများကလည်း စိတ်ပျက်ဖွယ်အနေအထားမျိုး၌ အနောက်အနေဖြင့် မည်သို့သောလေ့ကျင့်သင်ကြားပေးမှုမျိုးပေးရမည်ကို ဂရုပြုရလိမ့်

[60] Ibid. Crisis Group သည် သံတမန်များနှင့် သုံးသပ်သူများကို တွေ့ဆုံမေးမြန်း၊ ရန်ကုန်၊ ၂၀၁၆ ဧပြီလ-ဇွန်လ။

[61] အတိအကျဆိုရသော် အနောက်နိုင်ငံများနှင့် ဂျပန်ဖြစ်သည်။ Crisis Group က မြန်မာအစိုးရတာဝန်ရှိသူများနှင့် အခြားငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ အဓိကပုဂ္ဂိုလ်များဖြင့် တွေ့ဆုံမေးမြန်းခြင်း၊ ရန်ကုန်၊ နေပြည်တော်၊ ၂၀၁၅ စက်တင်ဘာလ-အောက်တိုဘာလ။ See also, "Myanmar official accuses China of meddling in rebel peace talks", Reuters, 8 October 2015.

မည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဘဲဂျင်းနှင့် အပြုသဘောဆောင်သည့် ကျယ်ပြန့်သော ဆက်ဆံရေးမူဘောင်ကို တည်ဆောက်နေရာ အနောက်နှင့်ဆက်ဆံရေးကြောင့် တရုတ်နိုင်ငံဖက်မှ ဖြစ်ပေါ်နိုင်သော စိုးရိမ်မှုများကိုလည်း သေချာစွာ နားလည်ထားရန် လိုအပ်ပါသည်။

## V. လက်ရှိမှတ်တမ်းကို ဆန်းစစ်အကဲဖြတ်ခြင်း

လုပ်ဆောင်နိုင်မှုအပေါ် အကောင်းအဆိုးအတည်ဝေဖန်ရန် စောလွန်းသေးသည်ဆိုသော်လည်း အစိုးရ၏ ဦးစားပေးများနှင့် ချဉ်းကပ်မှုနည်းလမ်းများမှာ ပိုမိုရှင်းလင်းလာနေပြီဖြစ်ကာ အမျိုးသားနိုင်ငံရေးကို မည်သို့လိုက်လျောညီထွေ ပြောင်းလဲလုပ်ဆောင်မည်ဆိုသည်နှင့်ပတ်သက်သော ကနဦးညွှန်ပြနေသော အချက်များလည်းရှိနေပြီဖြစ်သည်။ ၎င်းတို့သည် ကနဦးဆန်းစစ်အကဲဖြတ်မှုအတွက်အခြေခံများကို ဖြည့်ဆီးပေးသည်။ ခြုံ၍ဆိုရလျှင် အစိုးရသည် အာဏာရှင်စနစ်၏ အမွေကို ကိုင်တွယ်ရန် အပေါင်းလက္ခဏာဆောင်သော ကနဦးသဘောထားကို ချမှတ်ခဲ့ကာ အရေးကြီးသော ခြေလှမ်းအချို့ကိုလည်း လှမ်းပြီးဖြစ်ပါသည်။ လုပ်ဆောင်ဖွယ်ရာ အများအပြားရှိသည်ဟုဆိုနိုင်သော်လည်း နိုင်ငံရေးအကျဉ်းသားအများအပြားကို အလျင်အမြန်လွှတ်ပေးခြင်း၊ ဖိနှိပ်သောဥပဒေအချို့ကို ဖျက်သိမ်းခြင်း သို့မဟုတ် ပြင်ဆင်ခြင်းများလုပ်ဆောင်ခဲ့သည်။[62] အစိုးရဦးစားပေးအဖြစ်ဖော်ပြထားခဲ့သော အခြေခံဥပဒေပြင်ဆင်ရေးမှာ လတ်တလောတွင် နောက်မှစဉ်းစားတော့မည့် ပုံရှိပါသည်။ ပြင်ဆင်ရန်ခက်ခဲသည့်အခြေအနေကို ဉာဏ်ကြီးစွာ သုံးသပ်ထားခြင်းနှင့် အခြားကိုင်တွယ်ရမည့် အရေးပေါ်ပြဿနာများတစ်ပုံ တစ်ပင်ရှိနေခြင်းများကြောင့် ဖြစ်နိုင်ပါသည်။ နယ်ပယ်အများစုတွင် မူဝါဒဦးစားပေးများနှင့်ပတ်သက်ပြီး ရှင်းလင်းစွာ သိရှိနိုင်မှု အနည်းငယ်သာရှိသည်။ သို့သော် အစိုးရသည် ဝန်ကြီးဌာနအားလုံးနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရအားလုံးကို "ရက် ၁၀၀ စီမံချက်များ" ရေးဆွဲ၍ စတင်အကောင်အထည်ဖော်ရန် မေလ ၁ ရက်နေ့က ညွှန်ကြားခဲ့ရာ အမြန်ဆုံးရလဒ်ထွက်မည့် လုပ်ဆောင်မှုများနှင့် ပြည်သူများအကျိုးအမြတ်ရနိုင်မည့် ပရောဂျက်များပါဝင်သည်။[63]

အရေးအကြီးဆုံးကိုဆိုရလျှင် မြန်မာနိုင်ငံသည် မရေရာမှုများစွာရှိနေသော နှစ်တစ်နှစ်ကို ကျော်ဖြတ်နိုင်ခဲ့ပြီးဖြစ်ရာ အဓိကကျသော နိုင်ငံရေးအရစိုးရိမ်ပူပန်ရမှုများနှင့် ရှုတ်ထွေးမှုများမဖြစ်ခဲ့ပဲ ပြောင်းသွားနိုင်ခြင်းဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်၏ NLD ပါတီသည် အကြမ်းဖက်မှုလုံးဝမရှိသလောက်ဟုဆိုရမည့် အများက ကျယ်ကျယ်ပြန့်ပြန့်လက်ခံသော ရွေးကောက်ပွဲတွင် သောင်ပြိုကမ်းပြိုနိုင်သွားခဲ့ပြီးနောက်ပိုင်း တပ်မတော်ကျောထောက်နောက်ခံပြုသောအစိုးရထံမှ အစီအစဉ်တကျအာဏာလွှဲပြောင်းမှုရှိခဲ့သည်။ သူ၏အစိုးရသည် ၂၀၀၈ အခြေခံဥပဒေ၏ ထိန်းကျောင်းမှုဖြင့် တပ်မတော်နှင့် သော့ချက်ကျသော မူများနှင့်ပတ်သက်ပြီး အရေးပါသော စေ့စပ်ညှိ

[62] "သူတို့ မင်းကို အချိန်မရွေးဖမ်းနိုင်တယ် - မြန်မာနိုင်ငံတွင် လွတ်လပ်စွာ ဖော်ထုတ်မှုကို ရာဇဝတ်မှုအဖြစ်လုပ်ဆောင်သည်", Human Rights Watch ၊ ၂၀၁၆ ဇွန်လ။
[63] "100 days: Planning the government's reform agenda", *Frontier Myanmar*, 16 June 2016.

နှိုင်းမှုများမရှိပဲ သို့မဟုတ် တပ်မတော်နှင့် အခြေခံကျသော သဘောထားမတူညီမှုများကို ညှိနှိုင်းခြင်းမပြုပဲ ခက်ခဲသောပုံစံဖြင့် အတူတွဲ၍ အလုပ်လုပ်ကိုင်လာခဲ့ရသည်။ ထိုသို့သော ခက်ခဲသည့်အခြေအနေများကြားတွင် မှန်ကန်သောလမ်းကြောင်းရှာ၍ ရှေ့ဆက်နိုင်ခြင်းသည် အစိုးရအတွက်၊ တပ်မတော်အတွက်နှင့် တိုင်းပြည်အတွက် သော့ချက်ကျသော အစောပိုင်းအောင်မြင်မှုဟုဆိုရမည်။

စိန်ခေါ်မှုများကြီးမားလွန်းခြင်းနှင့် အစိုးရသစ်၏ အာဏာအတိုင်းအတာ မရေရာခြင်းများကလည်း သက်ရောက်မှုများရှိပါသည်။ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့်ကလည်း အခြေခံဥပဒေအရ အကြီးအကဲအခွင့်အာဏာမှာ တစ်စိတ်တစ်ပိုင်းသာရှိပါသည်။ ထိုအချက်များက ယခင်ကတည်းက ဦးတည်လုပ်ဆောင်နေသော သူ၏ လက်ထဲတွင် အာဏာများများရနိုင်သမျှရလာအောင်လုပ်ဆောင်နေမှုအား ပိုလုပ်ဆောင်စေရန် အားပေးပါသည်။ မီဒီယာတွင် ဝေဖန်သူများက သမ္မတနှင့် ဒုသမ္မတနှစ်ဦးမှာ မြင်ကွင်းမှပျောက်နေသည်ဟုဆိုကြသည်။ ဝန်ကြီးအဖွဲ့ကလည်း ထိုသဘောထားကိုသာ ထင်ဟပ်ရာ သစ္စာခံမှုကို ရှင်းရှင်းလင်းလင်းဦးစားပေးရွေးထားသည်။ သော့ချက်ကျသော စီးပွားရေးနှင့်ဆိုင်သော ဝန်ကြီးဌာနနှစ်ခုတွင် ကျင့်ဝတ်အရမှားယွင်းသည်ဟုဆိုနိုင်သော ဘွဲ့အတုနှင့် ဝန်ကြီးများကိုပင် ဖယ်ရှားမပစ်နိုင်သည်ကို တွေ့ရသည်။[64] သတိပြုမိစရာကောင်းသည့် ပွင့်လင်းမြင်သာမှုမရှိခြင်း၊ မီဒီယာများနှင့် ဆက်ဆံရေးတွင် ကနဦးအခက်အခဲအချို့ရှိခဲ့ခြင်းများမှာလည်း ထိုအချက်ကို အခြေခံသည်ဟု ရှင်းပြရလိမ့်မည်။ မြန်မာနိုင်ငံအပေါ် အမေရိကန်၏ အရေးယူပိတ်ဆို့မှုများ သက်တမ်းတိုးမှုအား ကန့်ကွက်မှုမပြုခြင်းကဲ့သို့သော ရပ်တည်ချက်နှင့်ပတ်သက်ပြီး ကနဦးတွေ့မြင်သည့်အပေါ်အခြေခံ၍ စဉ်းစားပါက ရပ်တည်ချက်ကို သိချင်လာမိသည်။ အရေးယူပိတ်ဆို့မှုများသည် တိုင်းပြည်စီးပွားရေးအပေါ် အရင်းအနှီးကြီးစွာ ပေးဆပ်ရသည့်တိုင် သူ့ကို တပ်မတော်နှင့် ယခင်အစိုးရလက်ထက်မှ စီးပွားရေးလုပ်ငန်းရှင်များအပေါ် ဩဇာလွှမ်းမိုးနိုင်ရန် လုပ်ဆောင်ပေးနိုင်မလားဟု ဒေါ်အောင်ဆန်းစုကြည်က စဉ်းစားပုံရသည်။[65]

အစိုးရသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်ကိစ္စအပါအဝင် ကနဦးခြေလှမ်းအချို့ မှားယွင်းလုပ်ဆောင်မှုများရှိခဲ့သည်။ ကိစ္စနှစ်ခုစလုံးအတွက် ရှုတ်ထွေးသော အသေးစိတ်များကို လက်ခံအသိအမှတ်မပြုနိုင်ခဲ့ခြင်းနှင့် အရေးပါသော ဆုံး

[64] See, for example, "President Htin Kyaw – Missing in action", *The Irrawaddy*, 2 June 2016. "NLD leadership challenged over cabinet choices", *Myanmar Times*, 28 March 2016.
[65] "Problematic first month for new government", *Myanmar Times*, 29 April 2016. ဒေါ်အောင်ဆန်းစုကြည်ကို အမေရိကန်က သက်တမ်းမတိုးမီ အရင်ရှင်းပြခဲ့ရာ ကန့်ကွက်မှုမရှိခဲ့ပေ။ ၎င်းမှာ သက်တမ်းတိုးအပြီး သူ၏ ပထမဆုံးအကြိမ် အများနှင့်ဆိုင်သော ရပ်တည်ချက်ဖြစ်ကာ နိုင်ငံခြားရေးဝန်ကြီးကယ်ရီ၏ ခရီးစဉ်အတွင်းဖြစ်သည်။ Crisis Group က ဗဟုသုတများသော ပုဂ္ဂိုလ်ကို တွေ့ဆုံမေးမြန်း၊ ရန်ကုန်၊ ၂၀၁၆ မေလ။ transcript, "Joint press availability", op. cit.

ဖြတ်ချက်နှင့် ကနဦးလုပ်ဆောင်ချက်များမပြုမီ ဆွေးနွေးတိုင်ပင်မှုများ မပြုလုပ်ခဲ့ခြင်းများက မြစ်ဖျားခံသည်ဟုဆိုနိုင်သည်။ ထိုအချက်ကို အခြေခံထား၍ သုံးသပ်ရလျှင် ဆယ်စုနှစ်များစွာ ခွဲခြားအုပ်ချုပ်ခဲ့သော အာဏာရှင်အုပ်ချုပ်ရေး၏ အမွေကိုခံယူရသော အတွေ့အကြုံမရှိသေးသည့် အစိုးရသစ်အနေဖြင့် ခြေလှမ်းမှားနိုင်သည် ဆိုသည်မှာ မျှော်လင့်မထားသော ကိစ္စတော့မဟုတ်ပေ။ အရေးကြီးသည့်ကိစ္စကိုဆိုရလျှင် ယခုထိအဓိကကျသော ကျရှုံးမှုများမရှိသေးခြင်းဖြစ်သည်။ အဓိကကျသော မေးခွန်းတစ်ခုကို မေးရမည်ဆိုပါက အဆိုပါခြေလှမ်းမှားများသည် စနစ်အကူးအပြောင်းတွင်သာ တွေ့ရခြင်းလော၊ သို့မဟုတ် ညှိနှိုင်းတိုင်ပင်ခြင်းမပြုသည့် မစဉ်းစားပဲလုပ်တတ်သော ယဉ်ကျေးမှုနက်ရှိုင်းလာခြင်း၏ ထင်ဟပ်ချက်လောဆိုသည့်မေးခွန်းဖြစ်သည်။ ဒုတိယမေးခွန်းသာဖြစ်ပါက အရေးပါသည့် စိုးရိမ်ဖွယ်ပင်ဖြစ်ပါသည်။ သို့သော် ဤကိစ္စကို အကောင်းအဆိုးသုံးသပ်ရန် စောလွန်းပါသေးသည်။

တပ်မတော်နှင့်ဆက်ဆံရေးမှာ အမြဲတစေထိလွယ်ရှလွယ်အနေအထားမျိုးဖြင့် ကိုင်တွယ်ရသည်တော့မဟုတ်ပေ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကြည့်ရှုပါက ကောင်းမွန်စွာ ပူပေါင်းဆောင်ရွက်နိုင်ကြောင်းနှင့် အတွေးအမြင်များပေါင်းစပ်နိုင်သည်ကို တွေ့ရသော်လည်း အချို့နယ်ပယ်များတွင် စိုးရိမ်ဖွယ်ဖြစ်ခဲ့ရသည်။ တိတိပပဆိုရလျှင် ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံတော်အတိုင်ပင်ခံအဖြစ် ခန့်အပ်သည့်အခါကနှင့် အဆိုပါဥပဒေကို လွှတ်တော်တွင်  အတည်ပြုသွားပုံများတွင်ဖြစ်သည်။ သမ္မတသည် အခြေခံဥပဒေအရ အမြင့်ဆုံးလုံခြုံရေးဆိုင်ရာအဖွဲ့ဖြစ်သည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးခေါ်ယူရန်ကို ရှောင်ရှားနေခဲ့သည်။ အကြောင်းမှာ ဒေါ်အောင်ဆန်းစုကြည်သည် ထိုအဖွဲ့သည် ဒီမိုကရေစီနည်းအရတရားဝင်သည်ဟု လက်မခံသောကြောင့်ဖြစ်ပြီး အဖွဲ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် ဆုံးဖြတ်ချက်ချမှတ်ရာ၌ ၎င်းအားထိန်းချုပ်နိုင်ခွင့်ပေးမည့် ပွတ်ကာသီခါအများစုမဲရနိုင်သည့် အနေအထားရှိသည်။[66] ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ထိုကိစ္စရပ်များကို မူနှင့်ဆိုင်သော မရှောင်သာသည့်ကိစ္စများအဖြစ်စဉ်းစားနေလိမ့်မည်ဖြစ်သော်လည်း တပ်မတော်က ၎င်း၏ အကျိုးစီးပွားကိုလည်းကောင်း၊ အခြေခံဥပဒေ၏ အဆိုကိုလည်းကောင်း ထိခိုက်သည်ဟု ရှုမြင်နိုင်မည့် ဆုံးဖြတ်ချက်များကို မထိမခိုက်ကိုင်တွယ်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်သော ဆက်ဆံရေးကို ထိန်းသိမ်းထားနိုင်ရန် အရေးကြီးလှသည်။ ပို၍

66 အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီတွင် သမ္မတ၊ ဒုသမ္မတနှစ်ဦး၊ လွှတ်တော်နှစ်ခုမှ ဥက္ကဋ္ဌများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဒုတပ်ချုပ်၊ ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးတို့ပါဝင်သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အာဏာဟန်ချက်ကို ထိန်းချုပ်ထားနိုင်ရာ အဖွဲ့ဝင် ၁၁ ဦးရှိသည့်အနက် ၅ ဦးမှာ ၎င်း၏ တိုက်ရိုက်အခွင့်အာဏာအောက်တွင်ရှိရာ ဒုသမ္မတတစ်ဦးအပါအဝင်ဖြစ်သည်။ အဆိုပါဒုသမ္မတကို တပ်မတော်မှ အမည်စာရင်းပေးခြင်းဖြစ်ပြီး အငြိမ်းစား တပ်မတော်အရာရှိဖြစ်၍ သစ္စာရှိလိမ့်မည်ဖြစ်သည်။

ကျယ်ကျယ်ပြန့်ပြန့်ရှင်းပြရလျှင် အောင်မြင်မှုသည် တပ်မတော်အနေဖြင့် အကူးအပြောင်းတွင် ၎င်းတို့ဖက်မှ ကြီးမားသော ခွင့်ပြုလိုက်ရခြင်းဟု မှတ်ယူမှုများမှ အကျိုးအမြတ်ရသည်ဟု ရှုမြင်ခြင်းရှိ မရှိနှင့် ဆက်စပ်နေပါသည်။

## VI. သုံးသပ်ချက်

အစပိုင်းတွင်ပြဿနာအနည်းငယ်ရှိသည်နေသော်လည်း အလားအလာမှာမူ အားတက်ဖွယ်ကောင်းပါသည်။ အာဏာလွှဲပြောင်းမှုမှာ အံ့အားသင့်ဖွယ် ချောမွေ့ခဲ့ပြီး အစိုးရသည် နောက်ထပ်နိုင်ငံရေးအရ ဖြေလျော့ပေးနိုင်မည့် ကနဦးခြေလှမ်းများ လှမ်းခဲ့ပြီးဖြစ်သည်။ တပ်မတော်နှင့်လည်း အလေးအနက်ထားရမည့် အရေးကြီးသည့် သဘောထားကွဲမှုများမရှိပေ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်များနှင့်ပတ်သက်ပြီး အစောပိုင်းက မှားယွင်းလုပ်ဆောင်မှုအချို့ရှိခဲ့ရာ မတူညီသော ခံစားချက်အနည်းငယ်ကို အပြည့်အဝနားလည်အောင်မကြိုးစားပဲ သို့မဟုတ် လိုအပ်သော ညှိနှိုင်းတိုင်ပင်မှုများမပြုလုပ်ပဲ ဆုံးဖြတ်ချက်များကို ကျေညာခဲ့ခြင်းကြောင့်ဖြစ်သည်။ ၎င်းတို့သည် အတွေ့အကြုံမရှိသေးသည့် အဖွဲ့အနေဖြင့် ခြေကုတ်ယူရန် ကြိုးစားခြင်း၏ ထင်ဟပ်ချက်များဖြစ်ကာ အစိုးရက လုပ်ဆောင်ပုံများနှင့် ဆုံးဖြတ်ချက်များကို အကောင်အထည်ဖေါ်သည့် နည်းလမ်းများတွင် ချိန်ညှိလုပ်ဆောင် သွားခြင်းဖြင့် ၎င်းကို ကျော်လွှားသွားနိုင်ပြီး တပ်မတော်တွင် မယုံကြည်မှုများတော့ ကျန်ရှိနေနိုင်သည်။

အစိုးရလုပ်ဆောင်ရမည့်တာဝန်မှာ ယုံကြည်မှုပျက်လောက်စရာပင်ဖြစ်သည်။ အာဏာရှင်အုပ်ချုပ်ရေးစနစ်နှင့် ပြည်တွင်းစစ်တို့ ဆယ်စုနှစ်ပေါင်းများစွာ ကြာခဲ့ပြီးနောက် သော့ချက်ကျသော စိန်ခေါ်မှုအများစု၏ တည်နေပုံမှာ တစ်ခုနှင့်တစ်ခု ချိတ်ဆက်လျက်ရှိနေပါသည်။ အစိုးရသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရှေ့ဆက်နိုင်ရန်၊ ရခိုင်ပြည်နယ်မှ အခြေအနေကို ကိုင်တွယ်နိုင်ရန်၊ တရုတ်နိုင်ငံနှင့်ဆက်ဆံရေးကို ပြန်လည်ချိန်ညှိသည့် သိမ်မွေ့သော လုပ်ငန်းစဉ်ကို ဆက်လက်လုပ်ကိုင်ရန် နည်းလမ်းများရှာရမည်ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်ကိစ္စများအတွက် အဆင့်မြင့်ကော်မတီဥက္ကဋ္ဌအနေဖြင့် အထက်ကဖေါ်ပြခဲ့သော ကိစ္စရပ်များအားလုံး၏ ခေါင်းဆောင်မှုမှာ သူ၏ ပုခုံးပေါ်ကျရောက်လာကာ ကြီးမားလှသော မလွဲသာမရှောင်သာ ဝန်ထုပ်ဝန်ပိုးကြီးပင်ဖြစ်တော့သည်။ ထို့ကြောင့် အောင်မြင်မှုသည် သေချာစွာစဉ်းစားခြင်းနှင့် ညှိနှိုင်းတိုင်ပင်သော ချဉ်းကပ်မှုအလေ့အထ ဖွံ့ဖြိုးမှုအပေါ်တွင် သာမက အခွင့်အာဏာကို အောက်သို့ခွဲဝေပေးနိုင်စွမ်းအပေါ်တွင်ပါ မူတည်နေပေသည်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့်ကမူ သင့်လျော်သောပံ့ပိုးမှုများ၊ အဓိပ္ပါယ်ရှိသော အကြံဉာဏ်များပေးခြင်းများဖြင့် အကူအညီပေးနိုင်ပြီး လိုအပ်သည့်အခါနှင့် အကျပ်အတည်းတွင် ခက်ခဲသော အကြံဉာဏ်များပေးရန် တွန့်ဆုတ်မနေသင့်ပေ။

**ရန်ကုန်/ဘရပ်ဆဲလ်(စ်)၊ ၂၀၁၆ ဇူလိုင်လ ၂၉ ရက်**

# Appendix A: Map of Myanmar




International Crisis Group/KO/Dec 2015. Based on UN map no. 4168 Rev. 3 (June 2012).

## Appendix B: အစိုးရ၏ လက်ရှိဖွဲ့စည်းပုံ

| *ရာထူး* | *လက်ရှိပုဂ္ဂိုလ်* | *ယခင်ရာထူး* |
|---|---|---|
| သမ္မတ | ဦးထင်ကျော် | |
| ဒုတိယသမ္မတ ၁ | ဒုဗိုလ်ချုပ်ကြီး(ငြိမ်း)မြင့်ဆွေ | ရန်ကုန်ဝန်ကြီးချုပ်ဟောင်း |
| ဒုတိယသမ္မတ ၂ | ဦးဟင်နရီဗန်သီအူး | NLD လွှတ်တော်ကိုယ်စားလှယ် (၂၀၁၅) |
| | | |
| ***ဝန်ကြီးများ*** | | |
| နိုင်ငံခြားရေး | ဒေါ်အောင်ဆန်းစုကြည် | NLD ဥက္ကဋ္ဌ၊ NLD လွှတ်တော်ကိုယ်စားလှယ် (2012, 2015) |
| စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း | ဒေါက်တာအောင်သူ | NLD |
| သယ်ယူပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ဦးသန့်စင်မောင် | NLD |
| သာသနာရေးနှင့် ယဉ်ကျေးမှု | ဦးအောင်ကို | USDP |
| သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး | ဦးအုန်းဝင်း | |
| လျှပ်စစ်စွမ်းအားနှင့် စွမ်းအင် | ဦးဖေဇင်ထွန်း | အမြဲတန်းအတွင်းဝန်ဟောင်း၊ စွမ်းအင် |
| အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူဦးရေ | ဦးသိန်းဆွေ | USDP |
| စီမံကိန်းနှင့် ဘဏ္ဍာရေး | ဦးကျော်ဝင်း | NLD |
| စက်မှု | ဦးခင်မောင်ချို | |
| ကျန်းမာရေးနှင့် အားကစား | ဒေါက်တာမြင့်ထွေး | |
| ပညာရေး | ဦးမျိုးသိမ်းကြီး | ညွှန်ချုပ်ဟောင်း၊ ပညာရေး |
| ဆောက်လုပ်ရေး | ဦးဝင်းခိုင် | |
| လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ဒေါက်တာဝင်းမြတ်အေး | NLD |
| ဟိုတယ်နှင့် ခရီးသွားလာရေး | ဦးအုန်းမောင် | NLD |
| ကူးသန်းရောင်းဝယ်ရေး | ဦးသန်းမြင့် | NLD |
| ပြန်ကြားရေး | ဦးဖေမြင့် | |
| တိုင်းရင်းသားရေးရာ | နိုင်သက်လွင် | **ဒုဥက္ကဋ္ဌ၊ မွန်အမျိုးသားပါတီ** |
| သမ္မတရုံး | ဒေါ်အောင်ဆန်းစုကြည် | |
| နိုင်ငံတော်အတိုင်ပင်ခံရုံး | ဦးကျော်တင့်ဆွေ | အငြိမ်းစားသံအမတ်ကြီး |
| ကာကွယ်ရေး* | ဒုဗိုလ်ချုပ်ကြီးစိန်ဝင်း | ယခင်ဝန်ကြီးအားပြန်ခန့် |
| ပြည်ထဲရေး* | ဒုဗိုလ်ချုပ်ကြီးကျော်ဆွေ | အထူးစစ်ဆင်ရေးအဖွဲ့မှူးဟောင်း |
| နယ်စပ်ရေးရာ* | ဒုဗိုလ်ချုပ်ကြီးရဲအောင် | **စစ်ဥပဒေချုပ်ဟောင်း** |
| ရှေ့နေချုပ် | ဦးထွန်းထွန်းဦး | ဒုရှေ့နေချုပ်ဟောင်း |
| | | |
| ***ဒုဝန်ကြီးများ*** | | |
| နိုင်ငံခြားရေး | ဦးကျော်တင် | သံအမတ်ကြီးဟောင်း |
| စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း | ဒေါက်တာထွန်းဝင်း | |
| စီမံကိန်းနှင့် ဘဏ္ဍာရေး | ဦးမောင်မောင်ဝင်း | အမြဲတန်းအတွင်းဝန်ဟောင်း၊ ဘဏ္ဍာရေး |
| နိုင်ငံတော်အတိုင်ပင်ခံရုံး | ဦးခင်မောင်တင် | အငြိမ်းစားသံအမတ်ကြီး |
| ကာကွယ်ရေး* | ဗိုလ်ချုပ်မြင့်နွယ် (ရေ) | |
| ပြည်ထဲရေး* | ဗိုလ်ချုပ်အောင်စိုး | |
| နယ်စပ်ရေးရာ* | ဗိုလ်ချုပ်သန်းထွဋ် | |

*တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်သော နေရာများဖြစ်သည်။